မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၂၉ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၆၇)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ငါးမွေးမြူရေးအထူးဇုန်စစ်ဆေး

အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်အောင် စီစဉ်ဆောင်ရွက်

ခြံစည်းရိုးကြက်ဆူပင်၊ ပီလောပီနံ၊ အစေ့ထုတ်ပြောင်းနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရန်မှာကြား

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ **စာမျက်နှာ ၃ ကော်လံ ၄** ✡

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်၊ ဇုန် ၂ အကွက် အမှတ်(၃၆)ရှိ ဦးမင်းနိုင်၏ အစေ့ထုတ်ပြောင်း စံပြ ၁၀ ဧက စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

၂၀၀၇ ခုနှစ် မိုးလယ်ကာလ မုတ်သုံလေအားကောင်းနိုင်

နေပြည်တော် ဇွန် ၂၈

၂၀၀၇ ခုနှစ် မိုးလယ်ကာလသည် ၂၀၀၇ ခုနှစ် ဇူလိုင် ၁ ရက်မှ ဩဂုတ် ၃၁ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၂ ရက်မှ ဝါခေါင်လပြည့်ကျော် ၃ ရက်) အထိဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိလာနိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်သည်။ ဇူလိုင်လလယ်ခန့်တွင် ရက်သတ္တတစ်ပတ်ခန့်ကြာမြင့်နိုင်သည့် မုတ်သုံလေအားပြတ်ခြင်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။

မိုးအခြေအနေ

ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ရွာသွန်းမြဲ အောက်လျော့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ ရွာသွန်းမြဲခန့် ရွာနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့နှင့် ဟင်္သာတမြို့တို့တွင် တစ်ကြိမ်ခန့်၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် မော်လိုက်မြို့တို့၌ နှစ်ကြိမ်ခန့်စီ၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့် ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ကြိမ်ခန့်နှင့် မဒေါက်မြို့၌ နှစ်ကြိမ်ခန့်နှင့် ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

ဆောင်းပါးနှင့် အားကစားအညွှန်း

ကျွန်မတို့ရဲ့ မြန်မာဓလေ့ဟာ အင်မတန် ချစ်ဖို့ ကောင်းပါတယ်။ "အိမ်သာလျှင် ညှော်လာသတဲ့"၊ "ဟဲ့–ဒီနေ့ ရွှေကျီး သာတယ်၊ ရွှေညှော်သည်၊ ငွေညှော်သည် လာမှာတော့" ဆိုတဲ့ စကားတွေဟာ နွေးထွေးမှု ညှော်ဝတ်ကျေပွန်မှု စေတနာနှင့် ခင်မင်တတ်တဲ့ စိတ်ထားများဟာ မြန်မာမှာပဲ တွေ့ရမှာ ဖြစ်ပါတယ်။

ခင်ဦး၏ ဆောင်းပါး (စာ–၄)

ပရီမီယာလိဂ်သို့ ပြန်ရောက်ဖွယ်ရှိသည့် ဒီဂိုဖော်လန်

ကမ္ဘာတစ်လွှားအားကစား (စာ–၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇွန် ၂၉ ရက်)

အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြပါစို့

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ လူဦးရေထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်ကြသည်။ မြန်မာအမျိုးသမီးများသည် သမိုင်းအစဉ်အဆက် မျိုးရိုးအစဉ်အလာနှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ အမျိုးသားများနှင့် ရင်ပေါင်တန်း၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

မြန်မာအမျိုးသမီးများကိုယ်တိုင် အမျိုးသမီးကဏ္ဍ ပိုမိုမြင့်မားတိုးတက်အောင် ဆောင်ရွက်ရင်း နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန် မွန်မြတ်မြင့်မားသည့် ရည်ရွယ်ချက်(၇)ရပ်၊ အခြေခံမူ(၄)ရပ်တို့ဖြင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို စတင်ဖွဲ့စည်း ထူထောင်ခဲ့သည်။

မြန်မာအမျိုးသမီးအများစုသည် နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှု၊ ကူညီပံ့ပိုးမှုများဖြင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းစသည့် အမျိုးသမီးဆိုင်ရာ အဖွဲ့အစည်းများဖွဲ့စည်း၍ လူမှုရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းကာ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် လုပ်ငန်းအဖွဲ့ခွဲ ခြောက်ဖွဲ့ ဖွဲ့စည်းပြီး အမျိုးသမီးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်နိုင်ရေး၊ အမျိုးသမီးများဘဝ လုံခြုံရေးတို့ကို တစ်နိုင်ငံလုံးအနှံ့ ဖြန့်ကြက်ဆောင်ကြဉ်းပေးနေသည်။

ထို့ပြင် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ အမျိုးသမီးများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလိုအပ်ချက်များကိုပါ ဖြည့်ဆည်း ပံ့ပိုးပေးလျက်ရှိသည်။

သို့ဖြစ်ရာ **"အမျိုးသမီးများဘဝ ဖွံ့ဖြိုးဖို့၊ ဝိုင်းဝန်းကူညီ ဆောင်ရွက်စို့"** ဟူသော ဆောင်ပုဒ်နှင့်အညီ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန် ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်နေသော မြန်မာအမျိုးသမီးများ၏ဘဝ ထာဝစဉ်ဖွံ့ဖြိုးနေစေရေးအတွက် တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသွားကြရမည် ဖြစ်သည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇွန် ၂၈

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းမိသားစုများ၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး စုပေါင်းခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပျဉ်းမနားမြို့ ရွာကောက်ရပ် အိုးဘိုဂူတောရကျောင်းတိုက် ရွှေယပ်တောင် မေတ္တာရေစင်ဆရာတော် ဘဒ္ဒန္တကုလသရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်း၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ ရုံးအဖွဲ့မှူးနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ ရွှေယပ်တောင် မေတ္တာရေစင်ဆရာတော် ဘဒ္ဒန္တကုလသရထံမှ ဝန်ထမ်းမိသားစုများက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။ ထို့နောက် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့်ဇနီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ရုံးအဖွဲ့မှူးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် ဘဒ္ဒန္တကုလသရထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉–၆–၂၀၀၇
(သောကြာနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ ဓမ္မစကြာ၊ စကြာရတနာ တရားတော် [အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်)]
- ၇:၅၅ ဆက်ကပ်လှူဒါန်း ဝါဆိုမြတ်သင်္ကန်း
- ၈:၃၀ တေးဂီတအစီအစဉ်
- ၈:၃၅ Myanmar Video Rhythm
- ၉:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၅ တေးဂီတအစီအစဉ်
- ၉:၃၀ သမထကျင့်စဉ် လမ်းဆက်ထွင် ဝိပဿနာမဂ္ဂင်
- ၉:၅၀ တေးဂီတအစီအစဉ်
- ၉:၅၅ ၂၀၀၆ခုနှစ် အကောင်းဆုံး အားကစားသမား ဆုများ ချီးမြှင့်ပွဲအခမ်းအနား
- ၁၀:၂၀ တေးဂီတအစီအစဉ်
- ၁၀:၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၃၀ ဒေါက်တာချစ်ငယ် (ဒသယန) Ph.D နှင့် တွေ့ဆုံခန်း
- ၁၁:၀၀ တေးဂီတအစီအစဉ်
- ၁၁:၀၅ မိုးလေဝသခန့်မှန်းချက်
- ၁၁:၁၀ နေ့စဉ်မပျက် ဒါနဖက်(၃၆၅)ရက်
- ၁၁:၂၀ တေးဂီတအစီအစဉ်
- ၁၁:၂၅ သိစေချင်သည် ICT "ခေတ်လူငယ် Website" အကြောင်း သိကောင်းစရာ
- ၁၁:၅၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၂:၀၅ တေးဂီတအစီအစဉ်
- ၁၂:၁၀ အေးမြသော လေညင်းလေးများ (မေတ္တာ၊ စိုးမိုးကြည်၊ ဇေယျ၊ စုးစုးမောင်) ဒါရိုက်တာအောင်မိုး (ပဲရစ်)
- ၁၂:၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၃၀ သစ်သီးဝလံ ပေါပြည့်ဝေဆာ တို့မြေမှာ (မာလကာသီး)
- ၁၂:၅၀ တေးဂီတအစီအစဉ်
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ်လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့် သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီ စည်းဝေးမည်

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (၆၁)ကြိမ်မြောက် ဗဟိုကောင်စီ အစည်းအဝေးကို ဇူလိုင် ၁၄ရက်နှင့် ၁၅ရက်တို့တွင် ရန်ကုန်သူနာပြုတက္ကသိုလ် စုဝေးခန်းမ၌ နေ့စဉ် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် ဗဟိုကောင်စီဝင်များနှင့် ပြည်နယ်၊တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ ပြည်နယ်၊တိုင်းရဲတပ်ဖွဲ့မှူးများအား ဖိတ်ကြားထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် MAC တာဝါနေ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးမြင့်သိန်း – ဒေါ်နှင်းယုမေ၊ သားမောင်ဝေယံဦး၊ သမီး မအိစန္ဒာခင်၊ မအယ်လယ်ဖော မိသားစုတို့က သုံးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၂၉–၆–၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန် ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီး သီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅:၃၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၅ ၁၁။ အမျိုးသားရေး တေးကဗျာ
- ၆:၄၀ ၁၂။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၆:၄၅ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဤမှန်သော သစ္စာတရားကြောင့်** (အပိုင်း–၁၅)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေး တေးကဗျာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမား(သား)ပေါင်ချိန်** (အပိုင်း–၂)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မိသားစုသိသင့်သောအချက်များ အသိပညာပေးဆွေးနွေး

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန ကလေးမိဘများအား အသိပညာပေးအစီအစဉ်ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဟောပြော

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက အဖွင့်အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦးက မိဘများအတွက် အသိပညာပေး ဟောပြောခြင်းနှင့် ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်သက်မြိုင်က ကလေးသူငယ်ဖွံ့ဖြိုးမှုမိသားစု သိသင့်သော အချက်များအကြောင်း၊ အသိပညာပေးခြင်းတို့ကို ဆွေးနွေးဟောပြောကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန မိဘများအား အသိပညာပေးအစီအစဉ်တွင် အမှာစကား ပြောကြားစဉ်။

(မိခင်/ကလေး)

✡ ရှေ့ဖုံးမှ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းသည် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန် ဇုန်(၂)ရှင်းလင်းဆောင်၌ ဇုန်တာဝန်ခံများနှင့် တာဝန်ရှိသူများက ဇုန်များအလိုက် ဟင်းသီးဟင်းရွက်၊ ပီလောပီနံနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုအခြေအနေ၊ ကြက်နှင့်ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် လမ်းများပြုပြင်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တိုင်းမှူးက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်၍ ထွက်ရှိလာသည့် အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို ပြည်သူလူထုက ဈေးနှုန်းသက်သာစွာဖြင့် လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်အောင် စီစဉ်ဆောင်ရွက်ကြရန်၊ ဇုန်များရှိ ဆက်လက်ပြုပြင်ရန် လိုအပ်သည့်လမ်းများကို အမြန်ပြုပြင်ရေး စီစဉ်ဆောင်ရွက်ကြရန်နှင့် ခြံစည်းရိုးကြက်ဆူပင်၊ ပီလောပီနံ၊ အစေ့ထုတ်ပြောင်းနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရန်တို့ကို မှာကြားပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် ဇုန်(၂) ရှင်းလင်းဆောင်အနီး စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိသော ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းနှင့် အစေ့ထုတ်ပြောင်းစံပြစိုက်ခင်းမှ ထွက်ရှိသော ရေဆင်း(၃)အစေ့ထုတ် စပ်မျိုးပြောင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ဇုန်(၂) အကွက်အမှတ်(၃၆)ရှိ ဦးမင်းနိုင်၏ အစေ့ထုတ်ပြောင်း စံပြ ၁၀ ဧက စိုက်ခင်းအတွင်း နနွင်းကြားညှပ် စိုက်ပျိုးခြင်း ဖြစ်ထွန်းအောင်မြင်နေမှုများကိုလည်းကောင်း၊ အကွက်အမှတ် (၃၇/၃၈)ရှိ ဦးအောင်လှ၏ အထွက်ကောင်း ပီလောပီနံ ငါးဧက စိုက်ခင်း ဖြစ်ထွန်း အောင်မြင်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာသနာ့အေးပရိယတ္တိဝန်ဆောင်ကျောင်းတိုက် ဓမ္မာရုံတည်ဆောက်ရန်ကျပ်သိန်း၅၀လှူဒါန်း

ရန်ကုန် ဇွန် ၂၈

ရန်ကုန်မြို့ လှိုင်မြို့နယ် ၄ ရပ်ကွက် မြကန်သာအိမ်ရာ မြကန်သာလမ်း အမှတ် (Q-13)နေ ဦးအေးကို-ဒေါ်နုနုခင် (မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်) သားသမီးမြေးများဖြစ်ကြသော ကိုဇော်ညွှန့်ဦး-မမေမြတ်ကြူ၊ ကိုအောင်ကျော်ဦး-မဇင်မျိုးသန့်၊ သမီး သိမ့်မှူးသွယ်၊ ကိုအောင်ထွန်း-မကြူကြူချို၊ သမီး ဆုမွန်အောင် မိသားစုတို့က လှိုင်မြို့နယ် ၄ ရပ်ကွက် သာသနာ့အေးပရိယတ္တိဝန်ဆောင်ကျောင်းတိုက်တွင် ဓမ္မာရုံတည်ဆောက်ရန်အတွက် မတည်ငွေ ကျပ်သိန်း ၅၀ အား ကပ္ပိယထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

အမျှပေးဝေ

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ (မကွေးဆရာတော်) အမှူးပြုသော သံဃာတော်အရှင်မြတ် ငါးပါးတို့အား ဝါဆိုသင်္ကန်း ကပ်လှူ၍ ဆွမ်းဆက်ကပ်လှူဒါန်းပြီး ငါးပါးသီလခံယူကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

(က-ပ)

ထိုင်း-မြန်မာချစ်ကြည်ရေးအသင်း ထိုင်းသံအမတ်ကြီးနှင့်သံရုံးအဖွဲ့ဝင်များ ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ငွေလှူဒါန်း

ရန်ကုန် ဇွန် ၂၈

ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး Lertrat Ratana Vanich ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr. Bansarn Bunnag နှင့် သံရုံးအဖွဲ့ဝင်များသည် ဇွန် ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ အကျိုးဆောင်အတွင်းရေးမှူး ဦးမောင်မောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးအဖွဲ့ဝင်များသည် တက်ရောက်ကုသလျက်ရှိသော သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက ဆောက်လုပ်ဆဲ ခြောက်ထပ်ဆေးရုံအသစ်၌ အထပ်တစ်ထပ်အတွက် အမေရိကန်ဒေါ်လာ ၂၀၀၀၀ လှူဒါန်းလိုကြောင်း စာလွှာကိုပေးအပ်ရာ အုပ်ချုပ်ရေးအဖွဲ့ နာယက အငြိမ်းစား သံအမတ်ကြီး ဦးကိုကိုကြီးက လက်ခံသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက ဆေးရုံ၌တက်ရောက်ကုသမှုခံယူနေကြသော သံဃာတော်များနှင့် သီလရှင်များအတွက် တစ်နေ့တာဆွမ်းအလှူငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းရာ နာယက ဦးကိုကိုကြီးက လက်ခံပြီး ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။ **(အောက်ဝဲပုံ)**

ဆက်လက်၍ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက လှူဒါန်းရခြင်းအကြောင်းကို ပြောကြားပြီး နာယက ဦးကိုကိုကြီးက ဆေးရုံကြီး၏ သမိုင်းအကျဉ်းချုပ်နှင့် ပရဟိတလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြား၍ ကျေးဇူးတင်စကားပြောကြားသည်။

နေ့လယ်စာတည်ခင်း

ထို့နောက် ဧည့်သည်တော်များသည် ဆေးရုံဝင်းအတွင်း ဆေးကုသမှုဆိုင်ရာ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကြပြီး ဆေးရုံအုပ်ချုပ်ရေးအဖွဲ့က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာမဲခေါင်ဒေသခွဲ အာဆီယံငါးနိုင်ငံမှ အပြည်ပြည်ဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းတို့ နားလည်မှုစာချွန်လွှာများလက်မှတ်ရေးထိုး

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MIFFA) ဥက္ကဋ္ဌ ဦးအောင်ကျော်မင်းခေါင်းဆောင်၍ ဇွန် ၂၂ ရက်တွင် ထိုင်းနိုင်ငံ၌ တစ်ချိန်တည်း ကျင်းပသည့် အာရှနှင့် ပစိဖိတ်ဒေသရှိ အမျိုးသားဝန်ဆောင်မှုလုပ်ငန်း အသင်းများပါဝင်သည့်အလုပ်ရုံဆွေးနွေးပွဲများနှင့် Forum များသို့ မြန်မာနိုင်ငံမှ ခုနစ်ဦးပါအဖွဲ့က ပထမဆုံးအကြိမ် ပါဝင် တက်ရောက်ခဲ့သည်။

လက်မှတ်ရေးထိုး

ထိုင်းနိုင်ငံ Ministry of Commerce က ကြီးမှူး၍ ဇွန် ၂၃ ရက်တွင် ထိုင်းနိုင်ငံ ပါတ်တရာ ကမ်းခြေမြို့၌ ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (TIFFA) က အကောင်အထည်ဖော်လုပ်ဆောင်ခဲ့သည့် The Enhancement of International Trade Logistice Development in Greater Mekong Sub Region Forum တွင် GMS Region ရှိ အာဆီယံ ငါးနိုင်ငံဖြစ်သည့် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့မှ အပြည်ပြည်ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နားလည်မှုစာချွန်လွှာများကို အသီးသီးလက်မှတ်ရေးထိုးကြသည်။

ကူညီပေး

နားလည်မှုစာချွန်လွှာတွင် သတင်းအချက်အလက်များ ဖလှယ်ရေး၊ ကုန်စည်ပို့ဆောင်မှု အပြန်အလှန် ညှိနှိုင်းလက်ခံဆောင်ရွက်ရေး၊ နိုင်ငံတော်က ဆောင်ရွက်နေသည့် မဟာမဲခေါင်ဒေသခွဲရှိ လုပ်ငန်းများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ရေး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်း ကုန်သွယ်မှုများ၌ အကူအညီပေးရေးတို့ပါဝင်သည်။

ဝန်ဆောင်

ထို့အပြင် GMS Region ရှိ အာဆီယံငါးနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းတို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ China International Forwarders Association နှင့် ဝန်ဆောင်မှု ကိစ္စရပ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာမဲခေါင် ဒေသခွဲရှိ အာဆီယံငါးနိုင်ငံဖြစ်သည့် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့မှ အပြည်ပြည်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ နားလည်မှုစာချွန်လွှာများကို အသီးသီးလက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု

ရိုးကြီးမှသဘာသံ

ခင်ဦး

MWAF

မြန်မာအမျိုးသမီးများနေ့

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2007

"အလွန်အေးတဲ့ ရာသီ၊ အလွန်ချမ်းတဲ့ ရာသီ၊ မယ်တစ်ရွာ မောင်တစ်မြို့တော့ နေလို့လည်း မဖြစ်နိုင်ပါပြီ" အေးမြတဲ့(ဇန်နဝါရီလ) ဆောင်းရာသီရဲ့ ဝေလီဝေလင်းအချိန်လေးမှာ ကားအတွင်းပိုင်းမှ မေးရိုက်သံနှင့်အတူ သီချင်းသံ ပျံ့လွင့်လာပါတယ်။ သီချင်းသံနှင့်အတူ လက်ခုပ်သံများဖြင့် စည်းချက်ဝိုင်းလိုက် နေကြပါတယ်။ ကျွန်မတို့ အဖွဲ့ဟာ နံနက်၅နာရီမှာ ရန်ကုန်ကနေ ကားငါးစီးဖြင့် ထွက်လာခဲ့ကြပါတယ်။ ဦးတည်ရာ လမ်းကြောင်းကတော့ မှော်ဘီမြို့နယ် "ရိုးကြီး" ကျေးရွာသို့ ဖြစ်ပါတယ်။ အင်းစိန်မြို့နယ်ကို ဖြတ်ကျော်ပြီး ရွှေပြည်သာ စက်မှုဇုန် ဧရိယာထဲက ဖြတ်သန်းလာခဲ့ကြပါတယ်။

ကားတူရူရာ လမ်းရဲ့ဘယ်ဘက်ခြမ်းမှာ ဣန္ဒြေကြီးလှတဲ့ လှိုင်မြစ်နှင့် ညာဘက်ခြမ်းမှာတော့ ဖွေးဖွေးမှုန်နေတဲ့ နှင်းပင်လယ်ကို တွေ့ရပါတယ်။ တစ်ခါတစ်ခါမှာ နှင်းမှုန်များကိုကျော်ပြီး အားမာန်အပြည့်နဲ့ ခေါင်းထောင်နေတဲ့ ရိုးပြတ်များကို တွေ့ရပါတယ်။ နံနက်ဦး နေခြည်နုနုရဲ့အောက်မှာ ခံ့ညားထည်ဝါတဲ့ စက်ရုံ၊ အလုပ်ရုံများ၊ လယ်ကွင်းများကို တွေ့ရခြင်းဟာ ကျွန်မတို့နိုင်ငံရဲ့ စိုက်ပျိုးရေးကို အခြေခံပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုတဲ့ ဦးတည်ချက်ကို လက်တွေ့ သရုပ်ဖော်ထားတာပဲလို့ တွေးမိပါတယ်။

မြန်မာနိုင်ငံရဲ့ အဖိုးတန် သဘာဝသယံဇာတပစ္စည်းဖြစ်တဲ့ မြန်မာ့ကျွန်းသစ်များကို အစုလိုက်၊ အပုံလိုက် တွေ့မြင်ရသည်မှာ နိုင်ငံတော်အတွက် ကျေနပ်အားရဖွယ် ခနအင်အားလို့ ယူဆမိပါတယ်။ လုံးချင်းတိုက်များနှင့် စီစီရီရီ ဆောက်လုပ်ထားတဲ့ အဆင့်မြင့်တိုက်များဟာ ရန်ကုန်တိုင်းရဲ့ လူနေမှု အဆင့်အတန်းမြင့်မားမှု ပြယုဂ်ဖြစ်ပါတယ်။

တရိပ်ရိပ်ပြေးနေတဲ့ ကားပေါ်က မီးခိုးနံ့သင်းနေတဲ့ လေနုအေးကို ရှူရှိုက်လိုက်ရတာဟာ စိတ်ကိုကျေနပ် တက်ကြွစေပါတယ်။ လမ်းဘေးဝဲယာတစ်လျှောက်မှာတော့ ညီညာ ပြန့်ပြူးတဲ့ တလင်းပြင်ကြီးမှာ ဂွန်ဒေါင်းစက်များဖြင့် လယ်သမားကြီးများ စပါးနယ်နေကြပါတယ်။ ကျွန်မတို့ နေ့စဉ်စားသုံးနေရတဲ့ ဆန်ရဖို့အတွက် ချမ်းအေးလှတဲ့ဆောင်းကို အန်တုပြီး လုပ်ငန်းခွင်ဝင်နေကြတဲ့ တောင်သူလယ်သမားကြီးများကို ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိပါတယ်။

ရွှေပြည်သာမြို့နယ်ထဲက ရွာလေးတစ်ရွာဖြစ်တဲ့ လိန်ကုန်းကျေးရွာကို ရောက်ရှိလာပါပြီ။ အသင့်စောင့်ကြို နေကြသည့် မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်အတူ ခြေကျင်ခရီးဆက်ခဲ့ကြပါတယ်။ ရွာထဲကနေ ဖြတ်လာပြီး ရွာလယ်မှာ ဝါးနှင့်သစ်သား ညှပ်ထိုးထားတဲ့ တံတားဟာ လိန်ကုန်းချောင်းပေါ်မှာ ခံ့ခံ့ကလေးတွေ့ရပါတယ်။ ကျွန်မတို့ ညီအစ်မများရဲ့ ဘော်ဒီဝိတ်များကို ကြည့်ပြီး တစ်ယောက်က စိတ်မချစွာ အော်လိုက်ပါတယ်။ တစ်ယောက်ပြီးမှ တစ်ယောက်ဖြတ်နော် ဟော့။ ဒါပေမယ့် ဘယ်လိုပဲပြောပြော တန်းစီပြီးဖြတ်ခဲ့ကြပါတယ်။ ဝါးညှပ်တံတားဆိုပြီး အထင်သေးလို့မရပါဘူး။ ခိုင်ခိုင်ခံ့ခံ့နှင့် လိုရာခရီးကို ချောချောမောမော ပေါင်းကူးပေးထားတဲ့ တံတားဖြစ်ပါတယ်။ လိန်ကုန်းရွာဆုံးတာနှင့် လယ်ကွင်းများကို တွေ့မြင်ရပါတယ်။ ဟိုးအဝေးမှာ သစ်ပင်အုပ်စုစုလေးကတော့ ကျွန်မတို့ ခရီးဆုံးရာ ရိုးကြီးရွာပဲ ဖြစ်ပါတယ်။ ရိုးကြီးရွာကို ခရီးဆက်နှင်ဖို့အတွက် လှည်းစီးရမှာ ဖြစ်ပါတယ်။ အားကောင်းမောင်းသန် လယ်ယာသုံး ခိုင်းနွားကြီးများဖြင့် တပ်ထားသော နွားလှည်း ၁၀စီးကို တွေ့ရပါတယ်။ ပြုံးရွှင်ချိုသာလှတဲ့ မျက်နှာများဖြင့် ဝမ်းသာမှုကို မဖုံးနိုင်တဲ့ သူများကတော့ လှည်းဆရာကြီးများ ဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ မြန်မာဓလေ့ဟာ အင်မတန် ချစ်ဖို့ကောင်းပါတယ်။ **"အိမ်သာလျှင် ဧည့်လာသတဲ့"၊ "ဟဲ့-ဒီနေ့ ရွှေကျီးသာတယ် ရွှေဧည့်သည်၊ ငွေဧည့်သည် လာမှာတော့"** ဆိုတဲ့ စကားတွေဟာ နွေးထွေးမှု၊ ဧည့်ဝတ်ကျေပွန်မှု၊ စေတနာနှင့် ခင်မင်တတ်တဲ့ စိတ်ထားများဟာ မြန်မာမှာပဲ တွေ့ရမှာ ဖြစ်ပါတယ်။ ရှေ့နောက်စီထားတဲ့ လှည်းများဖြင့် တစ်တန်းကြီး လိုက်ပါလာကြပြီး ရိုးပြတ်တွေကြားထဲက လှည်းလမ်း တစ်လျှောက် နွားခလောက်သံတွေကို ချိုချိုစီစီ ကြားနေရပါတယ်။

မြို့ပြရဲ့ မွန်းကျပ်မှုများဟာ ကျေးလက်ရဲ့ လယ်ကွင်းတွေထဲမှာ လွင့်ပျောက်ကုန်ပါပြီ။ တစ်ယောက်နှင့်တစ်ယောက်၊ လှည်းတစ်စီးနှင့်တစ်စီး စနောက်ရင်း ရွာထိပ်ကို ရောက်ရှိခဲ့ပါတယ်။ ရွာဦးကျောင်းရှေ့ဝိုင်းထဲမှာတော့ အဘိုး၊အဘွားများမှစပြီး ကလေးငယ်များအဆုံး ကျား၊မ ကြီးငယ်မရွေး ကျွန်မတို့ အမျိုးသမီးရေးရာအဖွဲ့များကို လှိုက်လှဲပျူငှာစွာ ကြိုဆိုနေကြလေရဲ့။ ရိုးကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်အား လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ပြီး ကျွန်မတို့အဖွဲ့နှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို စလိုက်ကြပါတယ်။ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူက နှုတ်ခွန်းဆက်စကားနှင့် အမျိုးသမီးရေးရာ အဖွဲ့အကြောင်းကို ရှင်းလင်းတင်ပြခဲ့ပါတယ်။ ဌာန၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များကလည်း ရယ်စရာလေးများဖြင့် မိတ်ဆက်ပြီး၊ အမျိုးသမီးများအတွက် လုပ်ဆောင်ပေးနေတဲ့ လုပ်ငန်းများနှင့် ပြည်သူ့ အကျိုးပြုလုပ်ငန်းတွေကို ရိုးရိုးရှင်းရှင်းနှင့် ပွင့်ပွင့်လင်းလင်း တင်ပြခဲ့ကြပါတယ်။ ကျန်းမာရေးပိုင်းဆိုင်ရာ အသိပညာ မျှဝေခြင်းကိုတော့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ဒေါက်တာဒေါ်လေးခိုင်နှင့် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းမှ ဒေါက်တာဒေါ်နွယ်နီအုန်းတို့က ဟောပြောခဲ့ကြပါတယ်။

ဒီအခမ်းအနားမှာပဲ ရိုးကြီးကျေးရွာ အမျိုးသမီးများဟာ အမျိုးသမီးရေးရာအဖွဲ့သို့ အဖွဲ့ဝင်အဆိုပြုလွှာစောင်ရေ ၂၁၁ စောင် ပေးအပ်ခဲ့ပါတယ်။ ရိုးကြီးကျေးရွာရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများတွင် သုံးရန် စုစုပေါင်းလှူဒါန်းငွေမှာ ကျပ်သုံးသိန်းသုံးသောင်း၊ စာနယ်ဇင်းအုပ်ရေ ၃၀၀၊ အမျိုးသမီးရေးရာဝတ်စုံ အစုံ ၂၀၊ မိခင်နှင့်ကလေးဝတ်စုံ ၂၀၊ အပ်ချုပ်စက်တစ်လုံး၊ ယင်လုံအိမ်သာခွက် ၁၀ လုံး တို့အား လှူဒါန်းခဲ့ကြပြီး မှန်ချိုဆရာမကြီး သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်နွယ်ဦးက ကျပ်နှစ်သိန်း လေးထောင်တန်ဖိုးရှိ တိုင်းရင်းဆေးဝါးများကို လှူဒါန်းခဲ့ပါတယ်။

ဟောပြောပွဲမှာပဲ ထိပ်ဆုံးကထိုင်နေကြတဲ့ အဘိုး၊အဘွားများအား ကျွန်မတို့ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက သဒ္ဓါပေါက်ပြီး လှူကြရအောင်နော်လို့ အချက်ပေးလိုက်တာနှင့် ကျွန်မတို့အဖွဲ့ကလည်း လက်မနှေးကြပါဘူး။ တစ်ယောက်တစ်လက် ဝိုင်းဝန်းလှူဒါန်းလိုက်ကြတာ အဘိုး၊အဘွား ၂၁ ဦးကို မြိုင်မြိုင်ဆိုင်ဆိုင် လှလှပပ ကြည်နူးစဖွယ် ကန်တော့နိုင်ကြပါတယ်။ အဘိုး၊အဘွားများကလည်း အံ့သြဝမ်းသာ ကတုန်ကယင်ဖြစ်စွာနှင့် ဆုတွေပေးကြ၊ ဆုံးမစကားတွေပြောကြနှင့် တအုန်းအုန်းနှင့် ပျော်စရာဂါရဝပြုပွဲလေးတစ်ခု ဖြစ်ခဲ့ပါတယ်။

ကျွန်မတို့အဖွဲ့ကလည်း ယခုလိုဖြစ်မြောက်အောင်မြင်အောင် ဖန်တီးဆောင်ရွက်ပေးကြတဲ့ ရပ်မိရပ်ဖများကို အထပ်ထပ်အခါခါ ကျေးဇူးတင်စကားဆိုကြ၊ ရပ်မိရပ်ဖများကလည်း ကျွန်မတို့အဖွဲ့ ရိုးကြီးအထိ လမ်းပေါက်ခဲ့တာကို ဂုဏ်ယူဝမ်းသာ ပြုံးပန်းတဝေဝေနှင့် တစ်ဖန်တလဲလဲ ကျေးဇူးတင်ကြနဲ့ မနည်းဘဲ စကားအပြီးသတ်ခဲ့ရပါတယ်။

ရွှေပြည်သာမြို့နယ် လိန်ကုန်းကျေးရွာမှ မှော်ဘီမြို့နယ် ရိုးကြီးကျေးရွာသို့ အသွားခရီးမြင်ကွင်း။

စကားဝိုင်းဆွေးနွေးပွဲမှာ တစ်ဝိုင်းနှင့်တစ်ဝိုင်း ပျော်ပျော်ရွှင်ရွှင် တရင်းတနှီးနှင့် ဒေသခံအမျိုးသမီးများ သိသင့်တာတွေရှင်းပြ၊ သူတို့သိချင်တာတွေလဲ ပြောပြပြီး အပေးအယူမျှမျှ ဆွေးနွေးနိုင်ခဲ့ပါတယ်။ ရိုးကြီးကျေးရွာရဲ့ ပျိုဖြူချောများ၏ လုပ်ငန်းကတော့ စက်ကြီးပန်းထိုးခြင်းပါပဲ။ ပန်းရုံလုပ်ငန်းရှင်များက စက်များကို တစ်လ ကျပ်၅၀၀နှုန်းဖြင့် အငှားချထားပေးပြီး သူတို့ရုံက ချပေးတဲ့ပန်းများကို ထိုးရပါတယ်။ ပန်းဒီဇိုင်းကိုလည်း ရုံကပဲချပေးပါတယ်။ အပေါ်အောက် ဝမ်းဆက်ပိတ်စကို ထိုးတာ တော်တော်ကျွမ်းကျင်တဲ့သူဆိုလျှင် နှစ်ရက်ကို သုံးစုံပြီးပါတယ်။ ပုံမှန်သမားဆိုလျှင် တစ်နေ့တစ်စုံပြီးပါသတဲ့။ လက်ခကတော့ တစ်စုံကို ကျပ်၈၀၀ ရပါတယ်။ ပန်းထိုးပြီးသား ဝမ်းဆက်ကို ရန်ကုန်မြို့လယ်ကောင် ဈေးများမှာ ကျပ် ၁၅၀၀၀ ကနေ ကျပ်၂၀၀၀၀ ဝန်းကျင်အထိ ဈေးခေါ် ရောင်းပါတယ်။ ရိုးကြီးမှာတော့ ကြိုက်တဲ့အဆင်၊ ကြိုက်တဲ့အရောင်မှ တစ်စုံကျပ် ၁၀၀၀၀ပဲ ပေးရပါတယ်။

ကျွန်မတို့အဖွဲ့ ဆုံးဖြတ်ချက် ချလိုက်တာကတော့ ရိုးကြီးကျေးရွာရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်တဲ့ စက်ကြီးပန်းထိုးပညာ တတ်တဲ့ ညီမများအတွက် စက်များမတည်ပေးဖို့ ဖြစ်ပါတယ်။ ကျွန်မတို့ အဖွဲ့များ ရောက်တုန်းရောက်ခိုက် ရိုးကြီးကျေးရွာ စာကြည့်တိုက်နှင့် ကျေးရွာအမျိုးသမီးရေးရာ ရုံးခန်းဖွင့်ပွဲကိုလဲ တက်ရောက်အားပေး ခဲ့ကြပါတယ်။

ရိုးကြီးကျေးရွာရဲ့ စေတနာဖြူဖြူစင်စင်ဖြင့်ကျွေးတဲ့ မုန့်ဟင်းခါးနှင့် မုန့်လက်ဆောင်းကတော့ လျှာရင်းမြက်စေပါတယ်။ အပြန်ခရီးမှာ နေပူကျဲကျဲအောက်မှာ တန်းစီပြီးသွားနေတဲ့ နွားလှည်းများရဲ့ တအီအီ အသံရယ်၊ လွမ်းလွမ်းသွဲ့သွဲ့ ကူနေတဲ့ ချိုးသံလေးရယ်၊ ထန်းပင်လေးများဖြင့် အုပ်ဆိုင်းနေတဲ့ ရိုးကြီးကျေးရွာရယ်နှင့် စိမ်းမြနေတဲ့ စပါးခင်းရယ်ကတော့ အာရုံထဲက မထွက်နိုင်တော့ပါဘူး။ ကျွန်မတို့အဖွဲ့ဟာ ဒေသခံများရဲ့ လက်ခုပ်သံကို နောက်ထပ်ကြားရဖို့ အပ်ချုပ်စက်များ မတည်ပေးနိုင်ရန်အတွက် တစ်ခေါက် ထပ်သွားကြဖို့ စိတ်ကူးနှင့် စီစဉ်နေမိပါတော့တယ်။ ။

မြန်မာအာဇာနည် ကုမ္မာရီများ

* သမိုင်းစဉ်ဆက်၊ ထက်မြက်ရှင်သန် ဇာတိမာန်နှင့်၊ မြန်မာပီသ မျိုးဗီဇကြောင့်၊ ဘဝနံနဲ့ နယ်ချဲ့လက်အောက်၊ ကျွန်သပေါက်မှ လွတ်မြောက်ဖို့အရေး၊ အသက်သွေးချွေးတို့ ပေးဆက်ပါဝင်၊ မော်ကွန်းတင်လောက် ရဲရဲတောက်စွာ၊ မြန်မာအမျိုးသမီးထု အင်အားစုများ၊ စွမ်းပကားကို လေးစားဂုဏ်ပြုထိုက်လှသည်... ။

* အမျိုးစောင့်တရား၊ လေးစားလိုက်နာ မြန်မာဟူက၊ ရှေးမဆွမှသည် သန္ဓေတည်ခဲ့၊ မှုဟန်နွဲ့နှောင်း ဖော့ဖယောင်းအလား၊ မိန်းမသားစင်စစ် ကေန်ဖြစ်လည်း၊ မျိုးချစ်စိတ်ဓာတ် ရစ်ပတ်ဖွဲ့နှောင်၊ ပြည်ထောင်စုအကျိုး တိုင်းပြည်အကျိုးတွက်၊ ရှေ့တန်းထွက်သည့် ပုခက်လွှဲလက်များ၊ စွမ်းပကားကို လေးစားဂုဏ်ပြုထိုက်လှသည်... ။

* မြန်မာဟူသည်၊ အတီတေရှေး ယဉ်ကျေးသိမ်မွေ့၊ ဓလေ့စရိုက် မငိုက်မစောင်း၊ ရေစီးကြောင်းမှာ မျောပါမသွား၊ ထိန်းသိမ်းထားနိုင် ကိုယ်ပိုင်ဟန်ပန်၊ ပွန်းပဲ့မခံကြ မြန်မာ့ဣန္ဒြေ၊ စိန်ရွှေနှင့်မလဲ ဂုဏ်ယူဆဲမို့၊ တို့မွေးရာပါ အမွေခံလာသည့် မြန်မာအာဇာနည် ကုမ္မာရီများ၊ စွမ်းပကားကို လေးစားဂုဏ်ပြုထိုက်လှသည်... ။

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက် -

ဟသ်ာတမြင့်ငွေ

သာသနာရေးဝန်ကြီးဌာန ဝန်ထမ်းများအား ထောက်ပံ့ကြေးပေးအပ် ဝန်ထမ်းသားသမီးများအတွက် ပညာသင်စရိတ်ချီးမြှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၈

သာသနာရေးဝန်ကြီးဌာန၏ ၂၀၀၇ခုနှစ်တွင် ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်ရရှိသူများအား ချီးမြှင့်ငွေပေးအပ်ပွဲ၊ (၁၁)ကြိမ်မြောက် ဝန်ထမ်းများအား ထောက်ပံ့ကြေးငွေပေးအပ်ပွဲနှင့် ဝန်ထမ်းများ၏ သားသမီးများ ပညာသင်စရိတ် ချီးမြှင့်ငွေ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီခွဲက နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ချီးမြှင့် အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ရှေးဦးစွာ အခမ်းအနားမှူး ရုံးအဖွဲ့မှူး ဦးမြင့်ဦးက ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်ရရှိသူ ဝန်ထမ်းများ၏ အမည်စာရင်းနှင့်

ဝန်ထမ်း ထောက်ပံ့ကြေး၊ ဝန်ထမ်း သားသမီးများအား ပညာသင်စရိတ် ချီးမြှင့်ငွေစာရင်းကို ဖတ်ကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် တွဲဖက်ပါမောက္ခ ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒက လှူဒါန်းသော ပညာသင်စရိတ် ထပ်ဆောင်းချီးမြှင့် ငွေကျပ် ၁၇၉၆၅၀၀ကို ဆရာတော်ကိုယ်စား အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာမြင့်ကြည်က ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ ပေးအပ်လှူဒါန်းသည်။

ပညာသင်စရိတ်ချီးမြှင့်

ထို့နောက် ဝန်ကြီးက ၂၀၀၇ခုနှစ်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သော ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ရရှိသူ ဝန်ထမ်း ၁၅ဦးနှင့် ဆေးတက္ကသိုလ်သို့ တက်ခွင့်ရသောဝန်ထမ်း သားသမီးနှစ်ဦးအား တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေနှင့် ပညာသင်စရိတ်များကို ချီးမြှင့်ပေးအပ်သည်။**(အပေါ်ပုံ)**

ထောက်ပံ့ကြေးပေး

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက ဝန်ထမ်းများအား ထောက်ပံ့ကြေးငွေများနှင့် ပညာသင်စရိတ် ချီးမြှင့်ငွေများကို ဦးစီးဌာနများအလိုက် တာဝန်ရှိသူများအား ပေးအပ်သည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းခုနစ်ဦး၊ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရရှိကြသော ဝန်ထမ်းများ၏ သားသမီး ခြောက်ဦးနှင့် အားကစား ထူးချွန်ဆုရသူ ဝန်ထမ်းနှစ်ဦးတို့အား ဂုဏ်ပြုဆုငွေများကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ထူးချွန်ဆုရရှိသော ဝန်ထမ်းများကိုယ်စား ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

စွမ်းအားရှိသရွေ့ထမ်းဆောင်

ယင်းနောက် ဝန်ကြီးက ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် ဝန်ကြီးဌာနအပေါ် ပြန်လည်ကျေးဇူးဆပ်သောအားဖြင့် ပေးအပ်ထားသော တာဝန်များကို မိမိတို့ စွမ်းအားရှိသရွေ့ ထမ်းဆောင်သွားကြရေးအကျယ်တဝင့် မှာကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေ မြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့်သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ၈၇ လမ်း အမှတ် ၂၃နေ ဦးအောင်ကြည် အသက်(၇၂)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဦးကောဏ္ဍညထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သွေးလွန်တုပ်ကွေးကာကွယ်ရေး လူထုလှုပ်ရှားမှုဖြင့် ဆောင်ရွက် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၂၈

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို ယမန်နေ့ နံနက် ၈ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါတို့ သွားရောက်ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ရှေးဦးစွာ အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းရှိ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ခန်းမ၌ မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ဌာနမှူး ဒေါက်တာအောင်သန်းနှင့် တာဝန်ရှိသူများက အင်းစိန်မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ ကဏ္ဍအလိုက်ရှင်းလင်းတင်ပြကြသည်။

လိုက်လံကြည့်ရှုအားပေး

ထို့နောက် မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက် ဘုတာရုံလမ်းသွယ်နှင့် ရွှေကြီးလမ်းတို့၌ ကျန်းမာရေးဦးစီးဌာနနှင့် စည်ပင်သာယာကျန်းမာရေးဌာနတို့မှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းဖြစ်သည့် ရေနုတ်မြောင်းများ ရှင်းလင်းခြင်း၊ ထုံးဖြူးခြင်း၊ ဆေးဖျန်းခြင်း၊ ရေစည်ရေကန်များအတွင်း ABATE ဆေးခတ်ခြင်း၊ ဖုံး၊သွန်၊လဲ၊ စစ်စနစ်ကျင့်သုံးရေး ပညာပေးသရုပ်ပြခြင်းနှင့် အသိပညာပေး ဟောပြောနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေး အားပေးကြသည်။ **(သတင်းစဉ်)**

မိခင်ကြီး ဒေါ်သန်းကြည်အား ရည်စူး၍ ရန်ကင်းမြို့နယ် သစ္စာရိပ်သာလမ်း ၁၂ရပ်ကွက် အမှတ် ၃၈နေ ဖခင် ဦးချောနှင့် သားသမီးများက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ် ၂ အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းငါးသောင်းလှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)နှင့် ကင်ဆာ အထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးစိုးဦးမောင်တို့ လက်ခံယူစဉ်။ (က-ပ)

ခန္တီး၌ ဥပဒေပညာပေး ဟောပြော

စစ်ကိုင်းတိုင်း ခန္တီးမြို့ ဒုတိယအကြိမ် ဥပဒေပညာပေး ဟောပြောပွဲ အခမ်းအနားကို ဇွန်၂၇ရက် မွန်းလွဲ ၁ နာရီက ဗိုးဖြူကုန်း ရပ်ကွက် နန်းမေတ္တာ အမက (၇) ၌ ကျင်းပရာ မြို့နယ် အတွင်းရေးမှူး ဦးမျိုးကိုကိုက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်တရားသူကြီးဦးအောင်ကြည်သိန်း၊ ခရိုင်ဥပဒေအရာရှိ ဦးသန်းဆွေနှင့်မြို့နယ်တရားသူကြီး ဦးသန့်ဝင်းတို့က ဥပဒေအကြောင်းသိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့ဒုတိယရဲမှူး ဝင်းအောင်က ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာ ဥပဒေရေးရာများကိုလည်းကောင်း၊ မြို့နယ် ဥပဒေအရာရှိ ဦးရဲမြင့်က မူးယစ်ဆေးဝါး၊ လောင်းကစားနှင့် ပတ်သက်၍ ဥပဒေရေးရာများကိုလည်းကောင်း ပညာပေး ဆွေးနွေးကြသည်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း ပြည်တွင်း သတင်း အတိုအထွာ

ဓမ္မိကာနုဂ္ဂဟ စာအောင်လက်မှတ် ဆက်ကပ်

ရေနံချောင်းမြို့ အိုးဘိုဒိုင်နယ် အောင်ချမ်းသာရပ်ရှိ မဟာဓမ္မိကာရာမ စမ္ပာယ်ရုံကျောင်းတိုက်၏ သတ္တမအကြိမ် ဓမ္မိကာနုဂ္ဂဟ စာအောင်လက်မှတ်ဆက်ကပ်ပူဇော်ပွဲအခမ်းအနားကို ဇွန် ၁၃ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်း၌ကျင်းပရာ စာအောင်သံဃာတော် ၄၂ ပါးအား တာဝန်ရှိသူများက စာအောင်လက်မှတ် ဆက်ကပ်ပူဇော်ကြကြောင်း သိရသည်။ (၂၉၇)

ရေနုတ်မြောင်းစုပေါင်းတူးဖော်၊ချုံနွယ်များရှင်းလင်း

ဝိုင်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ဝိုင်းမော်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း ဖြတ်သန်းစီးဆင်းသော ရေနုတ်မြောင်း စုပေါင်း တူးဖော်ခြင်းနှင့် လမ်းဘေးဝဲယာ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းကို ဇွန် ၁၆ ရက် နံနက် ၆ နာရီက စုပေါင်း ဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ကျင်းပ

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဗန်းမော်မြို့ မြို့တော်ခန်းမတွင် ဇွန် ၂၆ ရက် နံနက် ၉ နာရီက ကျင်းပရာ ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးထံမှပေးပို့သော သဝဏ်လွှာကို ဗန်းမော်ခရိုင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသိန်းထွန်းက ဖတ်ကြားသည်။

ထို့နောက် ခရိုင်ဥပဒေအရာရှိ ဦးသန်းလှိုင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆေးရုံအုပ် ဒေါက်တာမြင့်ရှိန်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ခုခံအားကျဆင်းမှုရောဂါအကြောင်း သိကောင်းစရာများကို လည်းကောင်း ဟောပြောကြသည်။ ဆက်လက်၍ အထက်တန်းနှင့် အလယ်တန်းဆင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီနှင့်စာစီစာကုံး ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

လုပ်ငန်းညှိနှိုင်း စည်းဝေး

ကောလင်းမြို့နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ကောလင်းမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲ အလုပ်အမှုဆောင်များ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၁၈ရက်က ကောလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးစိန်မြင့်က အမှာစကားပြောကြားပြီး မြို့နယ် ဗီဒီယိုအခြေခံ အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းကိုကိုက မြို့နယ်အဖွဲ့ ကျစ်လျစ်ခိုင်မာရေး၊ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားမပြုရေး၊ လုပ်ငန်းလိုင်စင်မဲ့များ ပပျောက်ရေး စနစ်တကျ စီမံဆောင်ရွက်သွားရေး၊ ဗီဒီယိုခွေ ခိုးကူးခွေများ ပပျောက်ရေး၊ နယ်ကျော်ခွေများ တားမြစ်ရေးတို့ကို ဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသော လုပ်ငန်းရှင်များ၏ သိလိုသည့်မေးမြန်းမှုကို တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ဖြေကြားသွားကြသည်။ (၀၂၆)

ကျောက်တံခါး မြို့မဈေး စုပေါင်းသန့်ရှင်း

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကျောက်တံခါးမြို့မဈေးအတွင်းအပြင် သန့်ရှင်းသပ်ရပ်မှု ရှိစေရေး၊ ရေမြောင်းများ အမှိုက်ကင်းစင်ရေး၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ဇွန် ၅ ရက်က ဈေးသူဈေးသားများ၊ ဈေးဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။ **(က-ပ)**

စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး စည်းဝေး ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် ဇွန် ၂၂ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၀၇–၂၀၀၈ခုနှစ် စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက အင်ဂျင်နီယာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေက နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်မှု အခြေအနေနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းက အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းများ၌ သင်တန်းသား၊ သင်တန်းသူများ၏ လေ့ကျင့် ပညာ သင်ကြားမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်အပေါ် ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်/တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများက စည်ပင်သာယာရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များကို ပြည်နယ်/တိုင်းအလိုက် မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အထူး(က)အဆင့်နှင့် နယ်စပ်ဒေသများရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများက ဆောင်ရွက်ပြီးသော လုပ်ငန်းများအခြေအနေနှင့် ဆက်လက် ဆောင်ရွက်မည့် အခြေအနေများကို တစ်မြို့နယ်ချင်း တင်ပြမှုအပေါ် ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြန်လည်ရှင်းလင်းဆွေးနွေး

ထို့နောက် အစည်းအဝေးကို ဇွန် ၂၃ရက်တွင် ဆက်လက်ကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြည်နယ်/တိုင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများနှင့် အမှုဆောင် အရာရှိများ၏ ရှင်းလင်းတင်ပြမှုများအပေါ် အားနည်းချက်၊ အားသာချက်များအား သုံးသပ်ပြီး လိုအပ်ချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေက တင်ပြချက်များအပေါ် လိုအပ်သည်များကို သုံးသပ်ဆွေးနွေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ F.M.I City မြို့တော်နေ ဖခင် ဦးပြုံးချို – မိခင် ဒေါ်တင်ရီတို့၏ သားကြီး ဦးချိုဇော်(ခေတ္တ–ဂျပန်)၏ (၄၃)နှစ်ပြည့် မွေးနေ့၊ ဒေါ်သန္တာဦး၊ သား မောင်အာကာမင်းဦး မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း

ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၁၀၅၀၀၀ကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အိမ်ထောင်စုစားဝတ်နေရေး ဘက်စုံလေ့လာမှုစစ်တမ်း လုပ်ငန်းစီမံချက် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၈

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်တို့ ပူးပေါင်းကျင်းပသည့် အိမ်ထောင်စုစားဝတ်နေရေး ဘက်စုံလေ့လာမှုစစ်တမ်း [Integrated Household Living Conditions Assessment Project (IHLCA)] လုပ်ငန်းစီမံချက် အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အောက်ဝဲပုံ)

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးကြီး သူရိန်ဇော်၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းကျော်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးရှုကြိမ်၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် ဒုတိယဌာနေကိုယ်စားလှယ် Mr. Sanaka Samarasinha နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်ကျင်းပ

ရှေးဦးစွာဒုတိယဝန်ကြီးဗိုလ်မှူးကြီး သူရိန်ဇော်နှင့် UNDP ဒုတိယဌာနေကိုယ်စားလှယ် Mr. Sanaka Samarasinha တို့က အမှာစကား ပြောကြားကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူး Major General, Lin Tinggui ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်ကျော်ထွန်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆို နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် စစ်ဒေသ ဒုတိယ စစ်ဒေသမှူး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

ရန်ကုန် ဇွန် ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူး Major General, Lin Tinggui ဦးဆောင်သော အဖွဲ့ဝင်ခုနစ်ဦးပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေး ခရီးလည်ပတ်ရန် ဇွန် ၂၆ ရက် ည ၇ နာရီက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် စစ်ဒေသ ဒုတိယစစ်ဒေသမှူး ဦးဆောင်သော အဖွဲ့ဝင်များအား ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Senior Colonel Fan Lianfeng နှင့် အဖွဲ့ဝင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆို နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ဇွန် ၂၅ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ စက်ချုပ်သင်တန်း အမှတ်စဉ် (၃/၂၀၀၇) ဖွင့်ပွဲ၊ ရာသက်ပန် အသင်းဝင်ကတ်ပြားပေးအပ်ပွဲနှင့် ရင်ထိုးတံဆိပ်ပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ညွန့်က ရာသက်ပန် အသင်းဝင်ကတ်ပြားနှင့် ရင်ထိုးတံဆိပ်များ ပေးအပ်စဉ်။ (၄၀၀)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း လုပ်ငန်းခွင်အကြို သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၂၈

မျိုးဆက်သစ် အင်ဂျင်နီယာများ လုပ်ငန်းခွင်သို့ ဝင်ရောက်ရာတွင် အဆင်ပြေစေရန်အတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း သင်တန်းဗဟိုဌာန သင်တန်းအဖွဲ့(၂)က ကြီးမှူး၍ Orientation Course on Engineering Management for Jounior Engineers သင်တန်းကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ တက္ကသိုလ်များ(လှိုင်နယ်မြေ)၌ ဇူလိုင် ၂၁ရက်တွင် စတင်ဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။

သင်တန်းကာလမှာ ဇူလိုင် ၂၁ ရက်မှ ဩဂုတ် ၁ ရက်အထိဖြစ်ပြီး အတွေ့အကြုံရှိသော အင်ဂျင်နီယာကြီးများ၊ ပညာရှင်များ၊ ဆရာ ဆရာမကြီးများက သင်ကြားပေးမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း သင်တန်းဌာန ဖုန်း–၅၁၉၆၇၃–၆ လိုင်းခွဲ(၃၀၄)သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်လမ်းမကြီးများပေါ်တွင် အချို့ယာဉ်မောင်းသူများသည် လမ်းမကြီးများ ကောင်းမွန်ဖြောင့်ဖြူးသည်နှင့် အမျှ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်ကြကြောင်း တွေ့ရှိရပါသည်။ မိုးရာသီကာလတွင် မြင်ကွင်း ကန့်သတ်ချက်ရှိခြင်းကြောင့် ယာဉ်မတော်တဆမှုအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ယာဉ်မောင်းများအနေဖြင့် သတ်မှတ် အမြန်နှုန်းအတိုင်းသာ မောင်းနှင်ကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ခြံစည်းရိုးကြက်ဆူပင်မှ ဘိုင်အိုဒီဇယ်ဆီထုတ်လုပ်မှု လုပ်ငန်း

လယ်ယာ/ ဆည်မြောင်းဝန်ကြီးဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန်၂၆ရက် နံနက်၉နာရီက ရန်ကုန်မြို့ ပြည်လမ်း(၉)မိုင်ရှိ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း(ရုံးချုပ်)နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန၌ ခြံစည်းရိုးကြက်ဆူပင်မှ ဘိုင်အိုဒီဇယ်ဆီထုတ်လုပ်ရရှိမှု လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့အား မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ရွှေ၊ အထွေထွေမန်နေဂျာ ဦးတင်မောင်စိုးနှင့် ဒုတိယအထွေထွေ မန်နေဂျာ ဦးကျော်ဆွေလင်းတို့က ခြံစည်းရိုးကြက်ဆူစေ့မှ ပထမဦးစွာ ကျေးလက်ဒေသသုံးဆီရရှိမှုနှင့် ဒုတိယအဆင့် ဘိုင်အိုဒီဇယ်ထုတ်လုပ်နိုင်မှုကို ရှင်းလင်းပြသသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ ဌာနနှင့် ပြည်တွင်းမှ စက်မှုလက်မှုလုပ်ငန်းရှင်များ ပူးပေါင်းတီထွင်ထုတ်လုပ်ထားသော ကျေးလက်ဒေသသုံး ကြက်ဆူစေ့ကြိတ်စက်ဖြင့် ကြက်ဆူစေ့တစ်တင်းကို ဆီ ၁၁သမ ၂၅ဂါလန် ကြိတ်ယူရရှိမှု၊ အစေ့မှဆီ ၃၇ရာခိုင်နှုန်း၊ဆီကြိတ်ဖတ်တွင် ဆီကျန် ၃ရာခိုင်နှုန်းပါဝင်မှုကို ထွက်ရှိလာသော ဆီနှင့် ဆီကြိတ်ဖတ် နမူနာများဖြင့် ရှင်းလင်းပြသသည်။

ဆက်လက်၍ ပြည်တွင်းဖြစ် ကျေးလက်ဒေသသုံး ဆီစစ်စက်ဖြင့် ဆီဆန်ခါ အမျိုးမျိုး အသုံးချပြီး တစ်နာရီလျှင် ခြံစည်းရိုးကြက်ဆူဆီကြမ်း ၁၀ဂါလန်ကို ဆီကြည်၊ ဆီသန့် စစ်ထုတ်နိုင်မှုကို ရှင်းလင်းပြသသည်။

ပစ္စည်းနမူနာကြည့်ရှု

ဝန်ကြီးသည် ထုတ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့်ပုံစံပြကွက်နှင့် ထုတ်လုပ်ရရှိသော လုပ်ငန်းအဆင့်တိုင်း၏ ပစ္စည်းနမူနာများကို ကြည့်ရှုပြီး ထုတ်လုပ်မှု ကုန်ကျစရိတ် သက်သာအောင် ပြုလုပ်ရေး၊ ကျေးလက်ဒေသသုံးဆီများ ကျယ်ပြန့်စွာ ထုတ်လုပ်ရေး၊ ဘေးထွက်ပစ္စည်းများကို အသုံးပြုနိုင်ရန် ဆောင်ရွက် ကြရေးမှာကြားပြီး ပံ့ပိုးကူညီမှုများ ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဖြန့်ဖြူးရန် ထုတ်လုပ်ထားသော ကျေးလက်ဒေသသုံး ဆီကြိတ်စက်နှင့် ဆီစစ်စက်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ မှာကြားသည်။

ထို့နောက် စိုက်ပျိုးရေးပညာရှင်များက ခြံစည်းရိုးကြက်ဆူဆီ ပါဝင်မှုပိုမိုများပြားသည့် ခြံစည်းရိုးကြက်ဆူပင်များ တိုးတက်ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တီထွင်ကြံဆ

ဝန်ကြီးက လုပ်ငန်းများအောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် သုတေသနဌာန တစ်ခုနှင့်တစ်ခု ဆက်စပ်၍ တီထွင်ကြံဆ သုတေသနပြုကြရန် မှာကြားသည်။

တီကောင်မွေးမြူရေးကန်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တီကောင်မြေဆွေးထုတ်လုပ်ရန် မွေးမြူထားသော တီကောင် မွေးမြူရေးကန်များနှင့် တီကောင်ပွားများမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံများက လုပ်ငန်းဌာနများအား တီကောင်မျိုး ဖြန့်ဝေရောင်းချမှု၊ တီကျစ်စာမြေဆွေး ဖြန့်ဝေရောင်းချမှုတို့ကိုရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှေခွင်းတောင်တော် သီတင်းသုံးတော်မူကြသော သံဃာတော်များ ၂၄နာရီရေရရှိရေး ရေစက်၊ ရေကန်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၈

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး ဒေါ်မြသီဂီတို့အား အမှူးထား၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက လှေခွင်းတောင်တော်၌ သီတင်းသုံးတော်မူကြသော ရဟန်း၊ သံဃာတော်များ ရေရရှိရေးအတွက် ရေစက်၊ရေကန်လှူဒါန်းပွဲ အခမ်းအနားကို ဇွန်၂၆ရက် နံနက်၁၀နာရီက ပျဉ်းမနားမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု (ပေါင်းလောင်း)ရှိ သာသနာ့အလင်းရောင် လှေခွင်းတောင် စည်ပင်သာယာကျောင်းတိုက် ဓမ္မာရုံ၌ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး ဒေါ်မြသီဂီတို့သည် မြတ်စွာဘုရားအား ဆီမီး၊ ပန်း၊ရေချမ်းနှင့် ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

နေ့ဆွမ်းဆက်ကပ်

ယင်းနောက် ကျောင်းဓမ္မာရုံတွင် ဆရာတော်၊သံဃာတော်များအားနေ့ဆွမ်း ဆက်ကပ် လှူဒါန်းကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဇနီး၊ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများနှင့်ကျည်တောင်ကျေးရွာရှိ ရပ်မိရပ်ဖ များ တက်ရောက်ကြသည်။

ငါးပါးသီလခံယူ

ထို့နောက် လှေခွင်းတောင်တော် ရေရရှိရေးဆိုင်ရာစာရွက်စာတမ်းများနှင့် အလှူငွေကျပ် ၇၇သိန်းကို ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ဂေါပကအဖွဲ့ ဥက္ကဋ္ဌထံသို့ ပေးအပ်လှူဒါန်းပြီး ပျဉ်းမနားမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု စည်ပင်သာယာ ကျောင်းတိုက်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တ ဣန္ဒာစက္ကထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ထို့နောက် ဆရာတော်၊ သံဃာတော်များအား ဝန်ကြီး၊ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများက သင်္ကန်း အစရှိသောလှူဖွယ်ပစ္စည်းများအားဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အောင်မြင်မှု အထိမ်းအမှတ်ဖြင့် ရတနာ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။

၂၄နာရီရေရရှိ

အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီးတို့က ပင်မရေကန်အား အမွှေးနံ့သာရည် ဖြင့်ပက်ဖျန်းပေး ကြသည်။ လှေခွင်းတောင်တော် ရေရရှိရေး ရေစက်၊ ရေကန်၊ ရေပိုက်သွယ်တန်းခြင်းနှင့် ယနေ့လှူဒါန်းမှု စုစုပေါင်းတန်ဖိုးမှာ ငွေကျပ်၈၅သိန်း နှစ်သောင်းငါးထောင်ဖြစ်ပြီး လှေခွင်းတောင် ရေရရှိရေးအတွက် လှူဒါန်းမှုကြောင့် တောင်တော်ရှိ ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ယောဂီများနှင့် ဘုရားဖူးလာပြည်သူများ ၂၄နာရီပတ်လုံး ရေရရှိရေးဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်သည်။

လှူဒါန်း

အလားတူ ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများ၏ ဇနီးများနှင့် အလှူရှင်များသည် ဇွန်၂၃ရက်နှင့် ၂၄ ရက်တို့တွင် ပျဉ်းမနားမြို့ပေါ်ရှိ သီလရှင်စာသင်တိုက်သုံးတိုက်သို့သွားရောက်၍ သီလရှင်ဝတ်စုံများ၊ ဆွမ်း၊ဆန်၊ဆီနှင့် လှူဖွယ်ပစ္စည်းများ အပါအဝင် နဝကမ္မအလှူငွေများ လှူဒါန်းသည်။ထို့အပြင် ဇွန်၂၄ရက်တွင် ပျဉ်းမနား ဘိုးဘွားရိပ်သာသို့သွားရောက်၍ ဘိုးဘွားများအတွက် တစ်နေ့တာ ထမင်းဟင်းလျာများ လှူဒါန်းကျွေးမွေးပြီး အဘိုး၊အဘွားများအား အလှူငွေများ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမာရွတ်၌ နယ်လှည့်စာကြည့်တိုက်ဖွင့် ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဇွန် ၂၈

ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်၊ဟောပြောပွဲနှင့် စာဖတ်ဝိုင်း အခမ်းအနားကို ဇွန် ၂၃ရက်က အမှတ်(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်နုနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းနိုင်တို့က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ဦးက စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေး အကြောင်း ဟောပြောသည်။

(အပေါ်ပုံ)

ဆွေးနွေး

ဆက်လက်၍စာဖတ်ဝိုင်းကျင်းပရာ ဇွန်၁၄ရက်ထုတ်မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ဝဏ္ဏမင်းခေါင်၏ အချိန်မီပါသေးတယ် ဆောင်းပါးကို မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်တင်အေးက ဖတ်ကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများက ဆောင်းပါး အကြောင်းအရာများကို ဆွေးနွေးကြသည်။

၎င်းနောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်အဖွဲ့ဝင် ဦးအေးကိုကိုအုန်းက မဂ္ဂဇင်းစာအုပ်မျိုးစုံအုပ် ၅၀ကို လှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

မဇ္ဈိမဒေသ ဝါဆိုသင်္ကန်း လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၂၈

အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်း ၁၁ကျောင်းနှင့် တက္ကသိုလ်ရှစ်ခုတို့တွင် ဝါဆိုတော်မူကြသော မြန်မာရဟန်းတော် ၂၅၈ပါးနှင့် အာသံ၊ တြိပူရ၊ မဏိပူရဒေသများရှိ သံဃာတော် အပါး၄၀၀တို့အတွက် မဇ္ဈိမဒေသ (၂၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဖုန်း-၀၁-၅၄၅၂၁၅၊ ၅၄၅၂၀၆၊ ၅၅၅၁၇၃၊ ၇၂၇၇၄၆၊ ၅၃၆၃၄၈နှင့် ၅၄၂၂၃၆ တို့သို့ ဇူလိုင် ၂၉ရက်နောက်ဆုံးထား ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

လက်ခံ

ဇွန် ၂၆ ရက်က ကျင်းပသော ရန်ကုန်အနောက်ပိုင်းခရိုင် စီမံကိန်းဦးစီးရုံးမိသားစု၏ ၂၀၀၇-၂၀၀၈ ခုနှစ် ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲအခမ်းအနားတွင် ခရိုင်ဦးစီးမှူး ဦးစိုးမြင့်က ပညာသင်ထောက်ပံ့ကြေး စုစုပေါင်းငွေကျပ် ၆၁၀၀၀ ပေးအပ်ရာ ကျောင်းသားကျောင်းသူများ၏ ကိုယ်စား မောင်ဟန်ထက်က လက်ခံယူစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ၏ (၆/၂၀၀၇)အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ စာပေဗိမာန် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဖွင့်အမှာစကားပြောကြား

အစည်းအဝေးတွင် သဘာပတိ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် အတွင်းရေးမှူးဒေါက်တာတင်ထွန်းဦးက ယခင်(၅/၂၀၀၇) အစည်းအဝေးမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကိုတင်ပြပြီး လုပ်ငန်းကော်မတီ အသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စည်ပင်သာယာရေးဘဏ်လီမိတက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသော စည်ပင်သာယာရေးဘဏ်လီမိတက်၏ ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ စည်ပင်သာယာရေး ဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဝင်များ၊ စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများ၊ အစုရှယ်ယာရှင်များဖြစ်ကြသော ပြည်နယ်၊ တိုင်း စည်ပင်သာယာရေး အဖွဲ့များမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယ အင်ဂျင်နီယာမှူးကြီးများနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့များမှ အမှုဆောင်အရာရှိများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စည်ပင်သာယာရေးဘဏ် လီမိတက်ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က အမှာစကားပြောကြားပြီးနောက် ဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းများကို ရှင်းလင်းတင်ပြပြီး အတည်ပြုချက်ရယူသည်။ ၎င်းနောက် ဘဏ် ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဇောက ဘဏ်၏ ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ် အမြတ်ဝေစု ခွဲဝေပေးမှုကို ကြေညာသည်။

ဆွေးနွေးအကြံပြု

၎င်းနောက် ဒါရိုက်တာအဖွဲ့ဝင် ဦးဝင်းအောင်က စာရင်းစစ်ကော်မတီ၏ စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး ပြည်နယ်၊ တိုင်းအလိုက် အစုရှယ်ယာရှင်များက ဘဏ်လုပ်ငန်း ဆိုင်ရာကိစ္စရပ်များအပေါ် ဆွေးနွေး အကြံပြုတင်ပြသည်။

ထို့နောက် အစုရှယ်ယာရှင်များ၏ သဘောတူညီချက်ဖြင့် အဖွဲ့ဝင်သုံးဦး ပါသော စာရင်းစစ်ကော်မတီကို ဖွဲ့စည်းပြီး ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကင်း ပြည်သာယာ(တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် သမိုင်း ၃ ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းနေ ဦးမောင်မောင်လှ-ဒေါ်အုန်းလှ မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ရွှေပြည်ဟိန်းဆရာတော် ရှေ့မှောက်၌ ဆေးခန်းအထောက်အကူပြုအဖွဲ့ဝင် ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၁၅)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ ခုနှစ် ပထမဝါဆိုလပြည့်နေ့ (ဥပုသ်နေ့) ၂၉-၆-၂၀၀၇ ရက် (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ ကြေးမုံရိပ်သွင် တေးနယဉ်
- ၈:၁၅ ၇။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ English for Everyday Use

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (အရှေ့တိုင်းပညာအထူးပြု) [အရှေ့တိုင်းပညာ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
- ၁၇:၃၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၁၇:၄၅ ၈။ **"ငါးရစ်မျိုးငါး...တို့မစား"** ဇော်၊ ခိုင်သင်းကြည်၊ မေပိုးအိ၊ ညိုညိုစိမ့်၊ မြသက်ထား (ဒါရိုက်တာ-ရဲဝင်းနီ)
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉:၀၅ ၁၂။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၉:၁၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေရောင်သန်းသော အသည်းနှလုံး** (အပိုင်း-၁၅)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကံကြမ္မာနတ်သမီး** (အပိုင်း-၁၆)
- ၁၈။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

ချက်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် မစ္စတာအိုင်ဗင်၊ဟိုတက်အား သဘောတူညီ

နေပြည်တော် ဇွန် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ချက်သမ္မတနိုင်ငံ၏ အထူး အာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ အိုင်ဗင်၊ ဟိုတက်အား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘော တူညီပြီးဖြစ်သည်။

မစ္စတာ အိုင်ဗင်၊ ဟိုတက်သည် ၁၉၅၅ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ပရပ်မြို့ စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၁၉၈၃ ခုနှစ်တွင် ချက်ကို စလိုဗက် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ဝင်ရောက်ခဲ့ပြီး ၁၉၉၃ ခုနှစ်မှ ၁၉၉၅ ခုနှစ် အထိ ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နယူးဒေလီ၊ ဆိုးလ်နှင့် ကွာလာလမ်ပူမြို့များရှိ ချက်သမ္မတနိုင်ငံ သံရုံးများတွင် ရာထူးအဆင့်ဆင့် ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၀ ပြည့်နှစ်တွင် ကိုရီးယား သမ္မတနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင် ခဲ့ပြီး ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာန ထောက်ပံ့ရေးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင် ခဲ့သည်။ မစ္စတာ အိုင်ဗင်၊ ဟိုတက်သည် ၂၀၀၇ ခုနှစ် ဇန်နဝါရီလမှစ၍ ထိုင်းနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင် လျက်ရှိသည်။

မစ္စတာ အိုင်ဗင်၊ ဟိုတက်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည် ဖြစ်သည်။

(သတင်းစဉ်)

စီးပွားရေးဖွံ့ဖြိုးမှုဇုန် သင်းလုံးကျွတ်စည်းဝေး

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စီးပွားရေး ဖွံ့ဖြိုးမှုဇုန် ဒုတိယအကြိမ်သင်းလုံးကျွတ် အစည်းအဝေးပွဲနှင့် ဇုန်ကော်မတီဝင် များ ပြန်လည်ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဇွန် ၁၆ ရက်က ဇုန် စီမံခန့်ခွဲရေးရုံးခန်း၌ကျင်းပရာ ရန်ကုန် မြို့တော်စည်ပင်သာယာရေး ကော်မတီ မှ ဌာနမှူး(အခွန်ဌာန) ဦးအောင်ဇင်နှင့် ကော်မတီဝင်များ၊ ရန်ကုန်အရှေ့ပိုင်း ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်နှင့် အဖွဲ့ဝင်များ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် အဖွဲ့ ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များ၊ ဖိတ်ကြားထားသည့် ဧည့်သည် တော်များ၊ စက်မှုဇုန်အတွင်းရှိ လုပ်ငန်း ရှင်များ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ဥက္ကဋ္ဌ ဦးကိုကိုကြီး၊ ဒုတိယဥက္ကဋ္ဌ ဦးတင်မော် သိန်း၊ အတွင်းရေးမှူး ဦးမြင့်ဝင်း ဦးဆောင်သော စီးပွားရေးဖွံ့ဖြိုးမှုဇုန် စီမံခန့်ခွဲရေးကော်မတီအား လည်း ကောင်း၊ဥက္ကဋ္ဌဒေါ်စိန်စိန်၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်နွယ် ဦးဆောင်သော သာယာ ရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော် မတီအားလည်းကောင်း ပြန်လည် ရွေးချယ်တင်မြှောက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **(၂၀၀)**

မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီစည်းဝေးမည်

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ဇွန် ၂၉ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ ရှိ UMFCCI Office Tower ၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့် တိုင်းတို့ရှိ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းဝင် ဖိတ်ကြား ထားသည့် ကိုယ်စားလှယ်များ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ကြည့်ရှုလေ့လာနိုင်

နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကျင်းပမည့်ရက်တွင် မွန်းလွဲပိုင်းမှစတင်၍ ဆန်စပါးကြိတ်ခွဲထုတ်လုပ်မှုနှင့် သက်ဆိုင်သည့် ပညာပေးပြခန်းများနှင့် အရောင်းပြခန်းများကို ခင်းကျင်းပြသထားမည် ဖြစ်ရာ စိတ်ပါဝင်စားသူများ လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLDပါတီသည် ပြည်တွင်း၊ ပြည်ပအဖျက်သမားများနှင့် ပူးပေါင်း၍ နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေခြင်း ကြောင့် ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်လေးစား အားထားမှု မရှိတော့သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ ၎င်းတို့၏ သဘောဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ရဲတပ်ဖွဲ့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲမှ ဖားကန့်၊ ကာမိုင်း၊ ဆည်ဇင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင် သားသမီးများအား ကျပ်နှစ်သိန်းကျော် ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၅ ရက်က မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်နွယ်နီဦးက ထောက်ပံ့ပေးအပ်စဉ်။ (က-ပ)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆို ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၈

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော လားရှိုးမြို့ ရန်တိုင်း အောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် ကြီး ရင်ပြင်တော်၌ စုပေါင်းသန့်ရှင်း ရေး ဆောင်ရွက်ခြင်းအခမ်းအနားနှင့် စေတီတော်ရှေ့ရှိ ကွင်းပြင်တွင် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီက အဆိုပါစေတီတော်ကြီး၌ ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ချယ်ရီ၊ ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်နိုင်နှင့် လုပ်ငန်း အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အမျိုးသမီး ရေးရာအဖွဲ့ဝင်များနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ဌာနဆိုင်ရာ အကြီး အကဲများ တက်ရောက်ကြသည်။

သန့်ရှင်းရေးဆောင်ရွက်

ရှေးဦးစွာ ရှမ်းပြည်နယ်(မြောက် ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ချယ်ရီ ဦးဆောင်သော အမျိုးသမီး ရေးရာအဖွဲ့ဝင်များက ရန်တိုင်းအောင် စေတီတော်ရင်ပြင်တွင် စုပေါင်းသန့်ရှင်း ရေး ဆောင်ရွက်ကြသည်။

စုပေါင်းစိုက်ပျိုး

ဆက်လက်၍ စေတီတော်ကြီးရှေ့ မြေကွက်လပ်တွင် ခြံစည်းရိုးကြက်ဆူ ပင်များ စုပေါင်းစိုက်ပျိုးပွဲကျင်းပရာ အဖွဲ့နာယက ဒေါ်ချယ်ရီက အမျိုးသမီး ရေးရာအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများသို့ ခြံစည်းရိုးကြက်ဆူ ပင်များ ပေးအပ်ပြီး သတ်မှတ်ထား သည့်နေရာများတွင် ခြံစည်းရိုးကြက်ဆူ ပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုး ပေးကြသည်။ ထို့နောက် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ချယ်ရီနှင့်အဖွဲ့သည် လားရှိုးမြို့ မြို့မ စည်ပင်သာယာရေးဈေးကြီးတွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက် နေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် စာချုပ်လက်မှတ်ရေးထိုးချုပ်ဆိုပွဲ အခမ်းအနားတက်ရောက်

နေပြည်တော် ဇွန် ၂၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၂၆ရက် ညပိုင်းတွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် Gunkul Engineering Co.,Ltd.တို့၏ စာချုပ်လက်မှတ်ရေးထိုးပွဲအား နေပြည်တော်ရှိ Royal Kumudra Hotelအစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် Gunkul Engineering Co.,Ltd. တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

ရှေးဦးစွာ ဝန်ကြီးက အမှာစကား ပြောကြားသည်။ ထို့နောက် Gunkul Engineering Co.,Ltd. မှ ဌာနေကိုယ်စားလှယ် ဦးဇေယျာသူရမွန်က ကျေးဇူးတင်စကားပြောကြားပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် Gunkul Engineering Co.,Ltd. မှ Mr. Gunkul တို့က စာချုပ်လက်မှတ်ရေးထိုးကာ စာချုပ်အား အပြန်အလှန်လဲလှယ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် မိုးညှင်းယောဂီ ဒေါ်ကြင်လှိုင်အား ရည်စူး၍ ကျန်ရစ်သူသားသမီး မြေးမြစ် တစ်စုတို့က အလှူငွေကျပ်တစ်သိန်းကို ကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့ နာယကဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် စတင် အကောင်အ ထည် ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်း တန်း တော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် အမှတ်

(၆)ရပ်ကွက် အမှတ် ၁၈ ဒီ–၁၄ ရွှေရတနာလမ်းနေ ဦးကိုကို–ဒေါ်ခင်နွဲ့နွဲ့မိသားစုက ငွေကျပ်နှစ်သိန်းတစ်သောင်း လာရောက်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးအေးကိုနှင့် ဦးလှိုင်တို့က လက်ခံယူစဉ်။

(က–ပ)

The Live News ဂျာနယ် အမှတ်(၄၁)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂၈

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၄၁)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာ့ပင်လယ်ကူးသင်္ဘောသားများအတွက် အလုပ်အကိုင်အခွင့်အလမ်း၊ ယာယီနံပါတ်များဖြင့် မောင်းနှင်လျက်ရှိသောယာဉ်များ ယာယီနံပါတ်များ တစ်ပြေးညီဖြစ်စေရေး ဆွေးနွေးလျက်ရှိ၊ ခရီးသွားကုမ္ပဏီများနှင့် ကမ္ဘာလှည့် ခရီးသည်များအတွက် မြန်မာ့အာမခံမှ ဆောင်ရွက်ပေးနေ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ လိုင်စင်လေးမျိုးကို ဝန်ကြီးဌာနများရုံးစိုက်ရာ နေပြည်တော်အပြင် ရန်ကုန်မြို့၌ပါပြုလုပ်နိုင်၊ မင်းတုန်းမင်းပိဋကတ်တိုက်နှင့် ကျောက်စာပိဋကတ်တိုက်၊ ဘေဘဲလ် (BABEL)၊ မူပိုင်ခွင့်နှင့်အမျိုးသားရေးတာဝန်၊ သမိုင်းကြောင်းကောင်းလှတဲ့ မဟာဗန္ဓုလလမ်းမကြီး၊ အရက်ကြောင့်၊ ကမ္ဘာပြား–မပြားအငြင်းပွားမှုများ၊ မြောက်ကိုရီးယားအဏုမြူဓာတ်ပေါင်းဖို ပိတ်ပစ်ရန်အသင့်ရှိဟုဆို၊ သတင်းလုံခြုံရေးကို အစစ်ဆေးမခံသည့်အမေရိကန်ဒုတိယသမ္မတ၊ ပါကစ္စတန်က အဏုမြူလက်နက်ထုတ်လုပ်နိုင်သည့် တတိယမြောက်ဓာတ်ပေါင်းဖို တည်ဆောက်လျက်ရှိ၊ အမေရိကန်နှင့် ဗီယက်နမ်ကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုစာချုပ်ချုပ်ဆို၊ တက္ကစီမင်းနှင့် ငွေထုပ်ကြီး၊ ၂၀၀၇ ခုနှစ် ဇွန် ၃၀ ရက်မှ ဇူလိုင် ၆ ရက်အတွင်း မွေးဖွားသော မျိုးဆက်သစ်ကလေးငယ်များ၏ ဘဝတစ်သက်တာကံဇာတာ၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ပါရဂူ၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မောင်မြင့်သိဏ်း(မင်းကင်း)၊ သက္က (ခေတ္တရာ)၊ မောင်မြတ်မွန် (ဆူးလေ)၊ မောင်နေလင်း၊ ရဲဇော်(ဇီးကုန်း)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အထက(သုဝဏ္ဏ)ပညာသင်စရိတ်နှင့် စာရေးကိရိယာထောက်ပံ့လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၈

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အထက (သုဝဏ္ဏ) ကျောင်းအကျိုးတော်ဆောင် အဖွဲ့က ကြီးမှူး၍ ၂၀၀၇–၂၀၀၈ ပညာသင်နှစ်အတွက် ဆင်းရဲနွမ်းပါးသည့် မိသားစုများမှ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်နှင့်စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီခွဲက ကွန်ပျူတာခန်းမ၌ကျင်းပရာ သင်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်နှင့်အဖွဲ့ဝင်များ၊ မိဘဆရာအသင်းနာယက ဒေါ်ရီရီဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်မြမြဝင်းနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြ၊ တာဝန်ခံဆရာမကြီး ဒေါ်စန်းမြိုင်နှင့် ဆရာဆရာမများ၊ အလှူရှင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ကျေးဇူးတင်စကား

အခမ်းအနားတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးချစ်မျိုးက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး သဘာပတိ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက သင်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေတို့က အမှာစကား ပြောကြားကာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်က လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူ ၅၀ အတွက် ပညာသင်စရိတ်ကျပ်တစ်သိန်းနှင့်စာရေးကိရိယာတန်ဖိုးကျပ်တစ်သိန်း ငါးသောင်း၊ စုစုပေါင်း ကျပ်နှစ်သိန်း ငါးသောင်းအားထောက်ပံ့လှူဒါန်းကြပြီး **(အပေါ်ပုံ)** ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးထွဏ်းထွဏ်းက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

စုပေါင်းလှူဒါန်း

အဆိုပါပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပွဲကို နှစ်စဉ်ကျင်းပပြီး ယခုနှစ်တွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ မိဘဆရာအသင်းမှ တာဝန်ရှိသူများနှင့် သင်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့က စုပေါင်းလှူဒါန်းခဲ့ခြင်းဖြစ်သည်။ **(က–ပ)**

● *ကျော်ဖုံးမှ*

စီမံ/စီးပွားဝန်ကြီးဌာနအသင်း–သုံးဂိုး

ကျောနံပါတ် (၁၀) ဟန်မျိုးအောင် (နှစ်ဂိုး)

ကျောနံပါတ်(၉) ဇေယျာဖြိုး (တစ်ဂိုး)

တရားရုံးချုပ်အသင်း – တစ်ဂိုး

ကျောနံပါတ်(၉) တေဇာဖြိုး (တစ်ဂိုး)

ကွင်းလယ်ဒိုင်လူကြီး

ဦးမွေးကြိုင် (အဖွဲ့ချုပ်)

တွဲဖက်ဒိုင်လူကြီးများအဖြစ် အဖွဲ့ချုပ်မှ

ဦးသိန်းဇံတင့်၊ ဦးဘိုဘိုမြင့်၊ ဦးမင်းမင်းထွန်း။

သမဝါယမအနိုင်ရရှိ

အလားတူ ညနေ ၄ နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ (က)အုပ်စုမှ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာသမဝါယမဝန်ကြီးဌာနအသင်းက ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

သမဝါယမ

ဝန်ကြီးဌာနအသင်း– ငါးဂိုး

ကျောနံပါတ်(၉) ဖြိုးဝေစိုး (လေးဂိုး)

ကျောနံပါတ်(၂) ကျော်ဆန်းဝေ(တစ်ဂိုး)

ပို့ဆောင်ရေး

ဝန်ကြီးဌာနအသင်း– ဂိုးမရှိ

ကွင်းလယ်ဒိုင်လူကြီး

ဦးခင်မောင်ထွေး(အဖွဲ့ချုပ်)

တွဲဖက်ဒိုင်လူကြီးများအဖြစ် အဖွဲ့ချုပ်မှ

ဦးမျိုးမင်းဟန်၊ ဦးနိုင်ကိုဟုတ်၊ ဦးလှမင်း။

စက်မှု(၁)အနိုင်ရ

ထို့အတူ ညနေ ၄နာရီတွင် လယ်ဝေးမြို့နယ် အားကစားကွင်း၌ (က) အုပ်စုမှ စက်မှု(၁)ဝန်ကြီးဌာနအသင်းနှင့် စက်မှု(၂) ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စက်မှု(၁)ဝန်ကြီးဌာန အသင်းက ခုနစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စက်မှု(၁)ဝန်ကြီးဌာနအသင်း–ခုနစ်ဂိုး

ကျောနံပါတ်(၁၀)ပြည့်ဖြိုးပိုင် (သုံးဂိုး)

ကျောနံပါတ်(၆)ဖြိုးဝေစံ (နှစ်ဂိုး)

ကျောနံပါတ်(၁၃)ဟန်ညွှန့်နိုင် (နှစ်ဂိုး)

စက်မှု(၂)ဝန်ကြီးဌာနအသင်း–ဂိုးမရှိ

ကွင်းလယ်ဒိုင်လူကြီး

ဦးမင်းသန်း (အဖွဲ့ချုပ်)

တွဲဖက်ဒိုင်လူကြီးများအဖြစ်အဖွဲ့ချုပ်မှ

ဦးလှအေး၊ ဦးဇေယျာထွန်း၊ ဦးလှဝင်းထွန်း။

ယှဉ်ပြိုင်ကစားမည်

ဇွန် ၂၉ ရက်တွင် ပထမအဆင့် အုပ်စုပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ နံနက် ၇နာရီခွဲတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ (ခ)အုပ်စုမှ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ညနေ ၄နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ (ခ)အုပ်စုမှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး လယ်ဝေးမြို့နယ် အားကစားကွင်း၌ (ဂ)အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ဘဂ္ဂဒက်၌ ကားဗုံးပေါက်ကွဲ၊ လူ ၂၀ သေဆုံး

ဘဂ္ဂဒက် ဇွန် ၂၈

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်၌ ဇွန် ၂၈ရက်က ကားဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာ လူ ၂၀ သေဆုံးပြီး ၄၀ ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ပေါက်ကွဲ

ထိုကားဗုံးပေါက်ကွဲမှုမှာ ဘဂ္ဂဒက်မြို့အနောက်တောင်ပိုင်း ဘားယားခရိုင်ရှိ ဘတ်စ်ကားဂိတ်တစ်ခု၌ ဇွန် ၂၈ရက် နံနက်ပိုင်းက ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ယင်းကားဗုံးမှာ လူစည်ကားချိန်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု အင်တာနက်သတင်း၌ ဖော်ပြသည်။

အင်္ဂလန်၌ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်း ရေလွှမ်းမှုများဖြစ်ပေါ်မည်ဟု သတိပေးနှိုးဆော်

လန်ဒန် ဇွန် ၂၈

အင်္ဂလန်နိုင်ငံ ဒါဘိုင်ရှိုင်းယားအရပ်၌ မိုးသည်းထန်စွာဆက်လက်ရွာသွန်းလျက်ရှိရာ လာမည့်ရက်အနည်းငယ်အထိ မိုးရွာသွန်းနေမည်ဖြစ်ကြောင်း ဇွန် ၂၈ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ရေလွှမ်း

မိုးရွာနေမှုကြောင့် ရေလွှမ်းမိုးမှုများဆက်လက်ဖြစ်ပေါ်လျက်ရှိရာ ဒါဘိုင်ရှိုင်းယားအရပ်ရှိ နေအိမ်များ ရေလွှမ်းနေဆဲဖြစ်ပြီး မော်တော်ကားလမ်းများလည်း ရေလွှမ်းလျက်ရှိသည်။

ထုတ်ပြန်ထား

မိုးရွာသွန်းမှုနှင့် ရေလွှမ်းမှုများဆက်လက်ဖြစ်ပေါ်နေမည်ဟု ဒေသအာဏာပိုင်များက ဇွန် ၂၈ရက်က သတိပေးချက်များ နေရာအနှံ့ ထုတ်ပြန်ထားသည်။ (အောက်ပုံ)

အင်ဒိုနီးရှားရှိ ဆူခွိုင်းဂျက်တိုက်လေယာဉ်များ အိန္ဒိယ၌ပြင်ဆင်ရန် ဆွေးနွေးမှုများပြုလုပ်

ဂျကာတာ ဇွန် ၂၈

အင်ဒိုနီးရှားနိုင်ငံ၏ ဆူခွိုင်းဂျက်တိုက်လေယာဉ်များအား အိန္ဒိယနိုင်ငံ၌ ပြင်ဆင်ရေးနှင့်ပတ်သက်ပြီး အိန္ဒိယနှင့်ဆွေးနွေးလျက်ရှိကြောင်း အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး ဂျူဝိုနိုဆူဒါဆိုနိုက ဇွန် ၂၅ ရက်၌ ပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် ဆူခွိုင်းဂျက်တိုက်လေယာဉ်များကို ပြင်ဆင်နိုင်သော နည်းပညာနှင့် ကျွမ်းကျင်မှုများရှိကြောင်း၊ မိမိတို့သည် ဆူခွိုင်းဂျက်တိုက်လေယာဉ်များ ပြင်ဆင်မှုနှင့်ပတ်သက်ပြီး အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လိုအပ်

အိန္ဒိယနိုင်ငံ၌ရှိနေသော ဆူခွိုင်းဂျက်တိုက်လေယာဉ်များအနက် ခြောက်စင်းမှာ လွန်ခဲ့သည့် နှစ်နှစ်ခန့်ကပင် ပြင်ဆင်မှုများပြုလုပ်ရန် လိုအပ်လျက်ရှိနေသည်။ မိမိတို့အနေဖြင့် အဆိုပါ ဂျက်တိုက်လေယာဉ်များကို ရုရှားသို့ပေးပို့ပြင်ဆင်မှု မပြုလုပ်နိုင်ခဲ့ကြောင်းလည်း ဆူဒါဆိုနိုက ပြောကြားသည်။

အိန္ဒိယနှင့် အင်ဒိုနီးရှားနှစ်နိုင်ငံတို့သည် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကြရန် သဘောတူညီချက်များ ရရှိထားကြသည့် နိုင်ငံများဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာ့နိုင်ငံများသို့ အပျော်ခရီးထွက်ရှိလာသော ဆီးဒေါ့ဗ်အမည်ရှိ ရုရှားရွက်သင်္ဘောကြီး ဂျာမနီနိုင်ငံ ကီးလ်ဆိပ်ကမ်းသို့ ဇွန် ၂၆ ရက်က ရောက်ရှိလာသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ဘာဆာရာမြို့၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မီးလောင်ကျွမ်းနေသော မော်တော်ယာဉ်အချို့ကို ဇွန် ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါလက်စတိုင်း ဒုက္ခသည်စခန်း၌ ပစ်ခတ်မှု လက်ဘနွန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရ

နာအယ်ဘရတ် ဇွန် ၂၈

လက်ဘနွန်ရှိ ပါလက်စတိုင်းဒုက္ခသည်စခန်း၌ လက်နက်ကိုင် စစ်သွေးကြွများ ပစ်ခတ်မှုကြောင့် ဇွန် ၂၅ ရက်က လက်ဘနွန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း လက်ဘနွန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြောကြားသည်။

ပြီးခဲ့သည့် မေ ၂၀ရက်မှစတင်ကာ နာအယ်ဘရတ် ဒုက္ခသည်စခန်း၌ ဖာတာစစ်သွေးကြွ လက်နက်ကိုင်များနှင့် လက်ဘနွန်တပ်ဖွဲ့ဝင်တို့ အပြန်အလှန် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

သေဆုံးခဲ့

ထိုသို့ အပြန်အလှန် တိုက်ခိုက်မှုများကြောင့် လက်ဘနွန်တပ်ဖွဲ့ဝင် ၈၂ ဦး၊ ဖာတာစစ်သွေးကြွလက်နက်ကိုင် ၆၀နှင့် အရပ်သား ၃၇ ဦး သေဆုံးခဲ့သည်။

ထို့အပြင် အပြန်အလှန်တိုက်ခိုက်မှုကြောင့် ဒုက္ခသည်စခန်းလည်း ပျက်စီးသွားခဲ့ရာ ၎င်းစခန်းမှ ဒုက္ခသည်များ အခြားဒုက္ခသည်စခန်းသို့ ရွှေ့ပြောင်းလျက်ရှိသည်။ အဆိုပါ ဒုက္ခသည်စခန်း၌ ဒုက္ခသည်ပေါင်း ၄၀၀၀၀ ခန့် ရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အင်ဒိုနီးရှားအရှေ့ပိုင်း၌ ငလျင်လှုပ်

ဂျကာတာ ဇွန် ၂၈

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း တန်ဂါရာပြည်နယ်၌ ဇွန် ၂၄ ရက်က ရစ်ချ်တာစကေး ၆ အဆင့်ရှိ ငလျင်တစ်ခု လှုပ်သွားခဲ့ရာ အဆိုပါငလျင်ကြောင့် ဆူနာမီဖြစ်ပေါ်ခြင်း မရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒဌာနက သတင်းထုတ်ပြန်သည်။

ယင်းငလျင်သည် တန်ဂါရာပြည်နယ်အရှေ့ပိုင်း လာဘူဟန်ဘာဂျိုမြို့ အနောက်မြောက်ဘက် ၄၅ ကီလိုမီတာအကွာ၌ ည ၈ နာရီ ၃၃ မိနစ်တွင် ပင်လယ်ရေမျက်နှာပြင်အောက် ၁၈၁ ကီလိုမီတာ အနက်၌ ဗဟိုပြု၍ လှုပ်ခတ်သွားခဲ့သည်။ ၎င်းငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် သေဆုံးမှု မရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ အင်ဒိုနီးရှားနိုင်ငံသည် ငလျင်ရပ်ဝန်းဇုန်၌ ပါဝင်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်၌ မိုးသည်းထန်စွာရွာသွန်း

ယီချန် ဇွန် ၂၈

တရုတ်နိုင်ငံ ဟေဘေးပြည်နယ် ယီချန်မြို့၌ လွန်ခဲ့သည့်ရက်အနည်းငယ်က မိုးသည်းထန်စွာ ရွာသွန်း၍ ရေလွှမ်းလျက်ရှိရာမှ မြေပြိုမှုဖြစ်ပွားပြီးနောက် လေးဦးသေဆုံးသည့်အပြင် နှစ်ဦးထပ်မံသေဆုံးကာ ဒေသနေပြည်သူ နှစ်သောင်းကျော် ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရသည်။

ဟေဘေးပြည်နယ်တောင်ပိုင်း ယီချန်မြို့၌ ဇွန် ၂၃ ရက်အထိ မိုးရေချိန် ၁၆၇ မီလီမီတာအထိ မြင့်တက်ခဲ့ကြောင်း ယီချန်မြို့ အုပ်ချုပ်ရေးအဖွဲ့ရုံးက သတင်းထုတ်ပြန်သည်။

ပျက်စီးဆုံးရှုံး

၇၁ မြို့နယ်မှ ဒေသခံပြည်သူ ၄၅၀၀၀၀ ခန့် ရာသီဥတုဆိုးရွားမှုဒဏ်ခံစားရပြီး အိမ်ခြေ ၈၀၀၀ကျော် ပျက်စီး ဆုံးရှုံးခဲ့သည်။

မြစ်ရေလျှံတက်မှုကြောင့် ကျေးလက်ဒေသရှိ လမ်းတံတားများအပြင် စိုက်ပျိုးမြေဧက ဟက်တာ ၄၇၀၀၀ ပျက်စီး ဆုံးရှုံးခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဖမ်းဆီးမိသော မူးယစ်ဆေးဝါးများ ထိုင်း၌ မီးရှို့ဖျက်ဆီး

အယုဒ္ဓယ ဇွန် ၂၈

ထိုင်းအာဏာပိုင်များသည် ဖမ်းဆီးရမိခဲ့သော မူးယစ်ဆေးဝါး ၂ ဒသမ ၉ တန်ကို အယုဒ္ဓယမြို့၌ ဇွန် ၂၆ ရက်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ ထိုသို့မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းမှာ နိုင်ငံတကာ မူးယစ်ဆေးဝါးမှောင်ခိုမှုနှင့် သုံးစွဲမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့ခြင်း ဖြစ်သည်။

ထိုင်းအာဏာပိုင်များသည် မူးယစ်ဆေးဝါးမှောင်ခိုသူများထံမှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်နေသည်မှာ (၃၅)ကြိမ်မြောက်ရှိခဲ့ပြီ ဖြစ်သည်။

ယခုမီးရှို့ဖျက်ဆီးသော မူးယစ်ဆေးဝါးများ၏ တန်ဖိုးငွေမှာ ထိုင်းဘတ်ငွေ ၃ ဒသမ ၆ ဘီလီယံခန့်ရှိကြောင်း၊ ထိုမူးယစ်ဆေးဝါးများမှာ ပြီးခဲ့သည့် အောက်တိုဘာလမှ မတ်လအတွင်း ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

နီပေါ၌ ရှေးဟောင်းအဆောက်အအုံများရှိရာ ခတ္တမန္ဒူတောင်ကြား အန္တရာယ်ရှိသော ကမ္ဘာ့အမွေအနှစ်များ စာရင်းမှပယ်ဖျက်

ခတ္တမန္ဒူ ဇွန် ၂၈

နီပေါနိုင်ငံရှိ ရှေးဟောင်းဘုရားကျောင်းများနှင့် ရှေးခေတ်အဆောက်အအုံများရှိရာ ခတ္တမန္ဒူတောင်ကြားအား အန္တရာယ်ရှိသော ကုလသမဂ္ဂ ရှေးဟောင်းအမွေအနှစ်များ နေရာစာရင်းမှ ပယ်ဖျက်ပေးလိုက်ပြီဖြစ်ကြောင်း နီပေါနိုင်ငံ တီအေတီသတင်းဌာနက ဇွန် ၂၅ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

ထိုသို့ ပယ်ဖျက်ပေးလိုက်ခြင်းမှာ အဆိုပါဒေသရှိ ရှေးဟောင်းဘုရားကျောင်းများနှင့် အဆောက်အအုံများ ထိန်းသိမ်းမှုနှင့် စီမံပြုပြင်မှုများ တိုးတက်ကောင်းမွန်လာခြင်းတို့ကြောင့် ဖြစ်ကြောင်း ယူနက်စကိုက ပြောကြားသည်။

အသိအမှတ်ပြု

ဒေသဖွံ့ဖြိုးမှုနှင့် ကြုံတွေ့နေရသော အဆိုပါနေရာသည် ရှေးဟောင်း အမွေအနှစ်များတန်ဖိုးကို တိုးတက်ထိန်းသိမ်းကာကွယ်နိုင်ခြင်းကြောင့်ဟု ယူနက်စကိုက အသိအမှတ်ပြုခဲ့သည်။

အမွေအနှစ်

ခတ္တမန္ဒူတောင်ကြားသည် ယဉ်ကျေးမှုဆိုင်ရာ ကမ္ဘာ့အမွေအနှစ် ရှစ်ခုအနက် ခုနစ်ခုမြောက်သော နေရာဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ နင်ရှာဟွေး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ရဲမေများ မြင်းစီးလေ့ကျင့်နေကြသည်ကို ဇွန် ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှား၌ ရေနံဈေးနှုန်းကျဆင်းရေး ဆောင်ရွက်မည်

ဂျကာတာ ဇွန် ၂၈

ယခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံ၌ ရေနံဈေးနှုန်းမှာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၃ ဒေါ်လာမှ ဒေါ်လာ ၆၀ သို့ လျော့ကျရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဇွန် ၂၄ ရက်က သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ပူရာနိုမိုယုစ်ဂတ်တိုရိုက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ သမ္မတရုံး၌ ကျင်းပသည့် ၂၀၀၇ခုနှစ် ဘဏ္ဍာရေးနှစ် အစည်းအဝေး၌ အထက်ပါကိစ္စကို ဆွေးနွေးခဲ့ကြကြောင်း ဝန်ကြီးပူရာနိုမိုက မီဒီယာများသို့ ပြောကြားသည်။

ယခင်နှစ်က သတ်မှတ်ရေနံတစ်စည်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၃ ဒေါ်လာ ဖြစ်ကြောင်း၊ သို့ရာတွင် နိုင်ငံအတွင်း၌ ပျမ်းမျှအားဖြင့် ရေနံတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၆၄ ဒေါ်လာအထိ ရှိခဲ့ကြောင်း သိရသည်။ သို့သော် ယခုနှစ် ပထမလေးလအတွင်း ရေနံဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည်အရှေ့တောင်အာရှ နိုင်ငံများ၌ ရေနံထွက်ရှိမှု၏ အကြီးမားဆုံးနိုင်ငံဖြစ်ရာ တစ်နေ့လျှင် ရေနံစည် တစ်သန်းခန့် ထုတ်လုပ်နိုင်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်၌ကမ္ဘာ့ အရှည်ဆုံး ပင်လယ်ဖြတ်တံတား တည်ဆောက်

နန်ဘို ဇွန် ၂၈

တရုတ်နိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းမှနေ၍ ဟန်ကျိုးပင်လယ်အော်ကို ဖြတ်သန်းကာ ကမ္ဘာ့အရှည်ဆုံး တံတားတစ်စင်း တည်ဆောက်မှု အထိမ်းအမှတ် အခမ်းအနားတစ်ခုကို ဇွန် ၂၆ ရက်၌ ကျင်းပခဲ့သည်။

အဆိုပါ တံတားကြီးကို ရှန်ဟိုင်းမြို့အနီး ကျိရာကျင်းမြို့ဘက်မှ စတင်ကာ နန်ဘိုမြို့မှ ကီလိုမီတာ ၇၀အကွာခန့်ရှိ စီရှီမြို့အထိ ဟန်ကျိုးပင်လယ်အော်ကို ဖြတ်သန်းကာ တည်ဆောက်လျက်ရှိသည်။ စုစုပေါင်းတံတား အရှည်မှာ ၃၆ ကီလိုမီတာရှိသည်။

တည်ဆောက်

ထိုတံတားကြီးအား ၂၀၀၈ခုနှစ် ဩဂုတ်၌ ကျင်းပမည့် ပေကျင်းအိုလံပစ်အားကစားပွဲတော် မတိုင်မီ တည်ဆောက်မှုများ ပြီးစီးအောင်ပြုလုပ်သွားမည် ဖြစ်သည်။

အရှည်ဆုံး

အဆိုပါ တံတားသည် ကမ္ဘာပေါ်တွင် အရှည်ဆုံး ပင်လယ်ဖြတ် တံတားတစ်စင်း ဖြစ်လာမည်ဖြစ်သည်။ ထိုတံတား တည်ဆောက်ခြင်းကြောင့် ရှန်ဟိုင်းမှနန်ဘိုမြို့သို့ ကီလိုမီတာ ၈၀ ခန့် ခရီးတိုတောင်းသွားမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဟန်ကျိုးပင်လယ်အော်တံတား

တရုတ်နိုင်ငံ ဟန်ကျိုးပင်လယ်အော်အား ဖြတ်ကျော်တည်ဆောက်ထားသည့် ဟန်ကျိုးပင်လယ်အော်တံတားကို ဇွန် ၂၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရေနံချက်စက်ရုံ

ဗင်နီဇွဲလားနိုင်ငံ ဘာစီလိုနာမြို့ရှိ ရေနံချက်စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဇွန် ၂၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ထိုင်းချန်နယ်-၅ အဆောက်အအုံအတွင်း ဗုံးဟုသံသယဖြစ်ဖွယ် အထုပ်တစ်ခုပစ်သွင်းခံရ

ဗန်ကောက် ဇွန် ၂၈

ထိုင်းနိုင်ငံဗန်ကောက်မြို့ရှိ ထိုင်းတီဗွီချန်နယ်-၅ အဆောက်အအုံအတွင်းသို့ ဗုံးတစ်လုံးဟု သံသယဖြစ်ဖွယ် အထုပ်တစ်ထုပ်ဖြင့် ပစ်သွင်းခံခဲ့ရကြောင်း၊ ထိုသို့ပစ်သွင်းမှုမှာ ဇွန် ၂၅ ရက်ညပိုင်းကဖြစ်ကြောင်း ထိုင်းစစ်ဘက်က ပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

စစ်ဆေး

နယ်မြေလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များနှင့် ဗုံးကျွမ်းကျင်သူများက စစ်ဆေးရန် အကာအကွယ်များ ပြုလုပ်ထားရာနေရာသို့ သွားရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ပစ်သွင်း

အဆိုပါဗုံးဟုယူဆရသော အထုပ်ကို ထိုင်းတီဗွီချန်နယ်-၅ အဆောက်အအုံအတွင်းသို့အနီးရှိ ဖာဟွန်ယိုသန်လမ်းမပေါ်မှပစ်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ပစ်သွင်းချိန်မှာ ဇွန် ၂၅ ရက် နံနက် ၈ နာရီခန့်ကဖြစ်ကြောင်း သိရသည်။

ဖြစ်ပွား

သို့သော်လည်း ၎င်းအထုပ်သည် ပေါက်ကွဲမှုမဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါ ထိုင်းတီဗွီချန်နယ်-၅ အဆောက်အအုံသည် ထိုင်းဘုရင့်တပ်မတော်က ထိန်းချုပ်ထားရာ နယ်မြေအတွင်းတည်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သောက်ရေသန့် ပုလင်းများသုံးစွဲမှု ဆန်ဖရန်စစ္စကိုမြို့၌ ပိတ်ပင်

လော့စ်အိန်ဂျလိစ် ဇွန် ၂၈

ငွေကုန်ကြေးကျမှုကို ထိန်းသိမ်းရန်နှင့် သဘာဝပတ်ဝန်းကျင်အား ကာကွယ်ရေးအတွက် ရေသန့်ပုလင်းများ ဝယ်ယူသုံးစွဲမှုကို ပိတ်ပင်သည့် အမိန့်တစ်ရပ်အား ဆန်ဖရန်စစ္စကို မြို့တော်ဝန် ဂါဗင်နီဆမ်က ဇွန် ၂၃ ရက်၌ ထုတ်ပြန်လိုက်သည်။

ထုတ်ပြန်

ကမ္ဘာ့ရာသီဥတု ပူနွေးလာမှုကို တိုက်ဖျက်ရန်နှင့် ငွေကုန်ကျမှုကို ထိန်းသိမ်းရန်အတွက် အဆိုပါအမိန့်ကို ထုတ်ပြန်ရခြင်းဖြစ်သည်ဟု လော့စ်အိန်ဂျလိစ်တိုင်းမ်သတင်းစာ၌ ဖော်ပြသည်။

အမေရိကန် နိုင်ငံသားများအတွက် နှစ်စဉ်ပလတ်စတစ် သောက်ရေပုလင်းများပြုလုပ်ရန် လောင်စာဆီဂါလန် သန်း ၄၀ ကျော် အသုံးပြုရလျက်ရှိသည်။

တိုးချဲ့

ယခု ထုတ်ပြန်လိုက်သောအမိန့်မှာ လာမည့် ဇူလိုင် ၁ ရက်မှစတင်ကာ အကျိုးသက်ရောက်မည်ဖြစ်ပြီး မြို့များအားလုံးသို့ တိုးချဲ့ထုတ်ပြန်သွားရန် စီစဉ်လျက်ရှိသည်။

ထိခိုက်

ကယ်လီဖိုးနီးယားပြည်နယ်၌ နှစ်စဉ်ပလတ်စတစ် သောက်ရေသန့်ပုလင်းအခွံ တစ်ဘီလီယံခန့် စွန့်ပစ်လျက်ရှိရာ ပတ်ဝန်းကျင်ထိခိုက်မှုဖြစ်ပေါ်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်၌ လူနေရပ်ကွက်အတွင်း တိုက်ပွဲဖြစ်ပွား ကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် ဒေသခံသုံးဦး သေဆုံး

ဘဂ္ဂဒက် ဇွန် ၂၈

အီရတ်နိုင်ငံတောင်ပိုင်း ဒီဝါနီယာမြို့အတွင်း၌ ရှီးယိုက်ခေါင်းဆောင် အယ်ဆာဒါအားသစ္စာခံသည့် မက်ဒီလက်နက်ကိုင်များနှင့်တိုက်ပွဲဖြစ်ပွားစဉ် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဇွန် ၂၆ ရက်က သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

ထိုမြို့မှာ ဘဂ္ဂဒက်မြို့တော် တောင်ဘက်ကီလိုမီတာ ၁၈၀ ခန့်အကွာတွင် တည်ရှိပြီး ဧပြီလအတွင်းက အမေရိကန်တို့ အကြီးအကျယ် စစ်ဆင်ခဲ့သည့်ဒေသဖြစ်သည်။

ကြေညာ

အမေရိကန်တပ်ဖွဲ့ဝင်များသည် နှစ်ဖွဲ့ခွဲ၍ ကင်းလှည့်စဉ် မက်ဒီလက်နက်ကိုင်များက ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လမ်းဘေးဗုံးခွဲတိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ လေကြောင်းမှ ကူညီတိုက်ခိုက်ရန် အမေရိကန်တပ်ဖွဲ့ဝင်များက ရဟတ်ယာဉ်များကို စစ်ကူတောင်းရကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်တွင် ဖော်ပြထားသည်။

သေဆုံး

တိုက်ပွဲကြောင့် လူနေအိမ်လေးလုံး မီးလောင်ကျွမ်းကာ အမျိုးသမီးနှစ်ဦးအပါအဝင် ဒေသခံသုံးဦး သေဆုံးခဲ့ကြောင်း၊ ပြည်သူရှစ်ဦးဒဏ်ရာရရှိသွားကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

မက်ဒီလက်နက်ကိုင်များသည် စာသင်ကျောင်းအပါအဝင် အရပ်ဘက်အဆောက်အအုံများအတွင်း ပုန်းအောင်းပြီး ကင်းလှည့် တပ်ဖွဲ့ဝင်များကို ချောင်းမြောင်းတိုက်ခိုက်သဖြင့် လူနေရပ်ကွက်အတွင်းသို့ အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ရသည်ဟုလည်း အမေရိကန်စစ်ဘက်ကကြေညာသည်။

အမ်အင်န်အေ၊ရိုက်တာ

ရေနံသိုက်ကြီးတစ်ခု ယူဂန်ဒါ၌ ရှာဖွေတွေ့ရှိ

ကမ်ပါလာ ဇွန် ၂၈

ယူဂန်ဒါနိုင်ငံ အနောက်ပိုင်းတွင် ရေနံရှာဖွေရေး ကုမ္ပဏီတစ်ခုက ရေနံသိုက်တစ်ခုအား ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ထိုရေနံသိုက်မှ ရေနံစည်သန်းပေါင်းများစွာ ထွက်ရှိနိုင်မည်ဖြစ်ကြောင်း ယူဂန်ဒါအာဏာပိုင်များက ဇွန် ၂၆ ရက်၌ ပြောကြားသည်။

ယခုတွေ့ရှိရသော ရေနံသိုက်သည် ယခင်ကတွေ့ရှိခဲ့ရသည့် ရေနံသိုက်များထက် ပိုမိုကြီးမားကြောင်း ယူဂန်ဒါနိုင်ငံထုတ် သတင်းစာများက ဖော်ပြသည်။

ပူးတွဲလုပ်ကိုင်

ထိုရေနံသိုက်ကို ယူဂန်ဒါနိုင်ငံ ဟွိုင်မာခရိုင် ဘန်ယိုရိုမြို့ လုပ်ကွက်အမှတ် 3A ၌ တွေ့ရှိရခြင်းဖြစ်သည်။ ၎င်း ရေနံသိုက်ကို ကနေဒါအခြေစိုက် ရေနံကုမ္ပဏီနှစ်ခု၊ အိုင်ယာလန် အခြေစိုက်ရေနံကုမ္ပဏီ တစ်ခုတို့က ပူးတွဲလုပ်ကိုင်ကြမည် ဖြစ်သည်။

ခန့်မှန်းထား

အဆိုပါ ရေနံတွင်းမှ တစ်နေ့လျှင် ရေနံစည်ပေါင်း ၁၃၈၉၅စည် ထွက်ရှိမည်ဟု ခန့်မှန်းထားသည်။ ယခုတွေ့ရှိရသော ရေနံသိုက်သည် ယူဂန်ဒါ၌ အကြီးဆုံးဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်နိုင်ငံ အိုကလာဟိုးမားမြို့တွင် ရေလွှမ်းမှုများ ဖြစ်ပေါ်လျက်ရှိရာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည်ကို ဇွန် ၂၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

၁၅ နှစ်အရွယ် သားငယ်အား ခွဲစိတ် ကုသခွင့်ပေးမှု ဆရာဝန်ဇနီးမောင်နှံ အဖမ်းခံရ

ချင်နိုင်း ဇွန် ၂၈

အိန္ဒိယဆရာဝန် ဇနီးမောင်နှံသည် ၁၅ နှစ်အရွယ် ၎င်းတို့၏ သားငယ်အား ဗိုက်ခွဲ မွေးဖွားခွင့် ပေးသည့်အမှုဖြင့် ဇွန်၂၅ရက်တွင် အဖမ်းခံကြရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုဆရာဝန် ဇနီးမောင်နှံသည် တမီးနာဒူးပြည်နယ်မှဖြစ်ပြီး သူတို့သားကို ကမ္ဘာပေါ်တွင် အသက်အငယ်ဆုံး ခွဲစိတ်ကုဆရာဝန်အဖြစ် ဂင်းနက်စ်ကမ္ဘာ့မှတ်တမ်းဝင်စေရန် မျှော်လင့်လျက် ခွဲစိတ်ကုမှတ်တမ်းတင် ဗီဒီယိုကို အခြားဆရာဝန်များအား ပြသခဲ့သည်။

ပြစ်မှုထင်ရှားလျှင် ၎င်းတို့နှစ်ဦးမှာ ထောင်ဒဏ်သုံးနှစ်မှ ၁၀ နှစ်အထိ ပြစ်ဒဏ်ကျခံရဖွယ်ရှိသည်။

အမ်အင်န်အေ၊ ရိုက်တာ

အဆင့်မြင့်တန်းကွင်းဖွင့်ဖလား ဒုတိယအဆင့်အုပ်စုပွဲစဉ် လက်ရှိချန်ပီယံ စီးပွား/ကူးသန်းနှင့် စွမ်းအင်တို့ဆုံတွေ့

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇–၂၀၀၈ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း (မြန်မာလိဂ်)ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပွဲစဉ်များကို ဇွန် ၂၉ ရက် (ယနေ့) **ညနေ ၄ နာရီမှစတင်၍ အောင်ဆန်းအားကစားပြိုင်ကွင်းနှင့် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းတို့၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။**

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲဒုတိယအဆင့်အုပ်စုပွဲစဉ် မဲနှိုက်ရေးဆွဲခြင်းနှင့် အသင်းအုပ်ချုပ်သူများအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)အိုလံပစ်ဟိုတယ်–၂ ၌ ကျင်းပသည်။

မဲနှိုက်နေရာချ

အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဒုတိယအဆင့်သို့ တက်ရောက်လာသော အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများ တက်ရောက်ကြသည်။ ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်အောင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယအဆင့်အုပ်စုပွဲစဉ်များကို မဲနှိုက်ရေးဆွဲသည်။ အုပ်စုပွဲစဉ်ရေးဆွဲရာတွင် အုပ်စုပထမရရှိခဲ့သော လေးသင်းအား တစ်အုပ်စုလျှင် နှစ်သင်းစီ ကြိုတင်မဲနှိုက်နေရာချထားပြီး အုပ်စုဒုတိယရရှိသောလေးသင်းကို တစ်အုပ်စုလျှင် နှစ်သင်းစီ မဲနှိုက်၍ နေရာချထားခြင်းဖြစ်သည်။

အုပ်စုပွဲစဉ် ရေးဆွဲထားမှုအရ(ကက) အုပ်စုတွင် စွမ်းအင်အသင်း၊ စီးပွား/ကူးသန်းအသင်း၊ မြန်မာ့မီးရထားအသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်းတို့ပါဝင်ကြသည်။ (ခခ) အုပ်စုတွင် မြို့တော်စည်ပင်အသင်း၊ ပို့ဆောင်ရေးအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ ပါဝင်ကြသည်။

ယှဉ်ပြိုင်ကစား

ပွဲစဉ်ဇယားအရ ဇွန် ၂၉ ရက်တွင် အောင်ဆန်းကွင်း၌ စွမ်းအင်နှင့် လယ်ယာ/ဆည်မြောင်း၊ သုဝဏ္ဏကွင်း၌ စီးပွား/ကူးသန်းနှင့် မြန်မာ့မီးရထား၊ ဇွန် ၃၀ ရက်တွင် အောင်ဆန်းကွင်း၌ မြို့တော်စည်ပင်နှင့် ဆောက်လုပ်ရေး၊ သုဝဏ္ဏကွင်း၌ပို့ဆောင်ရေးနှင့်ကာကွယ်ရေးဝန်ကြီးဌာန၊ ဇူလိုင် ၂ ရက်တွင် အောင်ဆန်းကွင်း၌ စွမ်းအင်နှင့် မြန်မာ့မီးရထား၊ သုဝဏ္ဏကွင်း၌ လယ်ယာ/ဆည်မြောင်းနှင့် စီးပွား/ကူးသန်း၊ ဇူလိုင် ၃ရက်တွင် အောင်ဆန်းကွင်း၌ မြို့တော်စည်ပင်နှင့် ကာကွယ်ရေးဝန်ကြီးဌာန၊ သုဝဏ္ဏကွင်း၌ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေး၊ ဇူလိုင် ၄ ရက်တွင် အောင်ဆန်းကွင်း၌ မြန်မာ့မီးရထားနှင့်လယ်ယာ/ဆည်မြောင်း၊ သုဝဏ္ဏကွင်း၌ စွမ်းအင်နှင့် စီးပွား/ ကူးသန်း၊ ဇူလိုင် ၅ရက်တွင် အောင်ဆန်းကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေး၊ သုဝဏ္ဏကွင်း၌ မြို့တော်စည်ပင်နှင့်ပို့ဆောင်ရေးတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ဗိုလ်လုပွဲစဉ်

အကြိုဗိုလ်လုပွဲစဉ်များကို ဇူလိုင် ၉ရက်နှင့် ၁၀ရက်တွင်လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဇူလိုင် ၁၄ ရက်တွင်လည်းကောင်း အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ဇွန် ၁၆ ရက်မှ ၂၆ ရက်အထိ အောင်ဆန်းအားကစားပြိုင်ကွင်းနှင့် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းတို့၌ ကျင်းပခဲ့သည်။ ပထမအဆင့်အုပ်စုပွဲစဉ်များအပြီးတွင် Royal Eleven၊ ပြည်ထဲရေး၊ တပ်မတော်(ကြည်း)၊ ဘဏ္ဍာ/အခွန်၊ ကမ္ဘောဇနှင့် သစ်တောရေးရာအသင်းတို့ ပြိုင်ပွဲမှထွက်သွားရသည်။

စွမ်းအင်

အုပ်စု(ဂ)၌ပါဝင်ခဲ့သော စွမ်းအင်အသင်းသည် ကမ္ဘောဇကို လေးဂိုး–နှစ်ဂိုး၊ ကာကွယ်ရေးဝန်ကြီးဌာနကို နှစ်ဂိုး–တစ်ဂိုး၊ ဘဏ္ဍာ/အခွန်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမရရှိခဲ့ခြင်းဖြစ်သည်။

စွမ်းအင်ဘောလုံးအသင်း နည်းပြ ဦးမျိုးဝင်းက "(ကက)အုပ်စုမှာပါတဲ့ အသင်းတွေအားလုံး မျှပါတယ်၊ ကျွန်တော်တို့အသင်းအတွက်တော့ အုပ်စုအနေအထား မဆိုးပါဘူး၊ အုပ်စုတက်မယ်လို့ ယုံကြည်ပေမယ့် လွယ်လွယ်နဲ့တော့မရနိုင်ပါဘူး၊ အသင်းအားလုံးကြိုးစားမှသာ အုပ်စုတက်နိုင်မယ်လို့ ထင်ပါတယ်"ဟု ပြောကြားသည်။

စီးပွား/ကူးသန်း

အုပ်စု(က)၌ပါဝင်ခဲ့သော စီးပွား/ကူးသန်းအသင်းသည် ဆောက်လုပ်ရေးကို တစ်ဂိုး–ဂိုးမရှိ၊ ပြည်ထဲရေးကို သုံးဂိုး – ဂိုးမရှိ၊ Royal Eleven အသင်းကို ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမရရှိခဲ့သည်။

စီးပွား/ကူးသန်းဘောလုံးအသင်း အုပ်ချုပ်သူ ဦးမြင့်သိန်းက "ဒုတိယအဆင့်အုပ်စုအဆင့်ရောက်လာရင်တော့ အားလုံးကြိုးစားကြရမှာပဲ၊ပေါ့ပေါ့ဆဆ ကစားလို့မရဘူး၊ ဂရုစိုက်ကစားရမယ်၊ ကျန်တဲ့အသင်းတွေလဲ ကြိုးစားလို့ ဒုတိယအဆင့် တက်လာတာဆိုတော့ လျှော့တွက်လို့မရဘူး၊ အုပ်စုထဲမှာ အသင်းကြီး စွမ်းအင်ပါတယ်၊ လူငယ်များတဲ့ မြန်မာ့မီးရထားပါတယ်၊ ခင်မောင်လွင်ဦးဆောင်တဲ့ လယ်/ဆည်ပါတယ်ဆိုတော့ အထူးကြိုးစားပြင်ဆင်ရမယ်၊ အုပ်စုတက်ရေးအတွက် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားမှာပါ"ဟု ပြောကြားသည်။

မြန်မာ့မီးရထား

အုပ်စု(ဃ)တွင် ပါဝင်ခဲ့သော မြန်မာ့မီးရထားအသင်းသည် သစ်တောရေးရာကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး မြို့တော်စည်ပင်ကို လေးဂိုး–နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ရရှိပြီး အုပ်စုဒုတိယဖြင့် တက်လာခြင်းဖြစ်သည်။

မြန်မာ့မီးရထား ဘောလုံးအသင်း နည်းပြ ဦးဝင်းတင်က "အုပ်စု အနေအထားအရ ကျွန်တော်တို့အတွက်အုပ်စုကျပ်ပါတယ်၊ (ခခ)အုပ်စုထက်စာရင် အုပ်စုပိုကျပ်တယ်၊ ပထမအဆင့်ထက်စာရင်တော့ ဒုတိယအဆင့်က ပိုပြီးပွဲကျပ်ကစားရမှာပဲ၊ ကစားသမားတွေ ထိခိုက်ဒဏ်ရာရမှု မရှိပါဘူး၊ အုပ်စုတက်ဖို့ကတော့ ကြိုးစားရမှာပါ"ဟု ပြောကြားသည်။

လယ်ယာ/ဆည်မြောင်း

အုပ်စု(ခ)တွင် ပါဝင်ခဲ့သော လယ်ယာ/ဆည်မြောင်းအသင်းသည် တပ်မတော်(ကြည်း)အသင်းနှင့် နှစ်ဂိုးစီသရေကျပြီး ပို့ဆောင်ရေးအသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်သာ ရရှိသော်လည်း ဂိုးကွာခြားချက်တွင် တပ်မတော်(ကြည်း)အသင်းထက် တစ်ဂိုးအသာဖြင့် အုပ်စုဒုတိယရရှိခဲ့ခြင်းဖြစ်သည်။

လယ်ယာ/ဆည်မြောင်းဘောလုံးအသင်းအုပ်ချုပ်သူ ဦးရဲညွှန့်က "ကျွန်တော်တို့အုပ်စုမှာ စီးပွား/ကူးသန်းက အတောင့်တင်းဆုံးပဲ၊ စွမ်းအင်ကတော့ ဒုတိယအတောင့်တင်းဆုံးလို့ဆိုရမယ်၊ ကျွန်တော်တို့က သူတို့လောက်ကစားသမားအင်အား မတောင့်တင်းပေမယ့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ကစားရမှာပဲ၊ ပြီးခဲ့တဲ့ အမှတ်ပေးပွဲတုန်းကတော့ စွမ်းအင်ကို သုံးဂိုး–နှစ်ဂိုးနဲ့ နိုင်ခဲ့ဖူးတယ်၊ မြန်မာ့မီးရထားနဲ့ကတော့ သူတင်ကိုယ်တင် ယှဉ်နိုင်မယ်၊ အုပ်စုတက်ဖို့အတွက် တက်ညီလက်ညီနဲ့ ကြိုးစားကစားရမှာပါ"ဟု ပြောကြားသည်။

မြို့တော်စည်ပင်

အုပ်စု(ဃ)တွင် ပါဝင်ခဲ့သော မြို့တော်စည်ပင်အသင်းသည် မြန်မာ့မီးရထားကို လေးဂိုး–နှစ်ဂိုး၊ သစ်တောရေးရာကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စုပထမရရှိခဲ့သည်။

မြို့တော်စည်ပင်ဘောလုံးအသင်း အုပ်ချုပ်သူ ဦးလှကြိုင်က "အုပ်စုအနေအထားက မျှပါတယ်၊ ကာကွယ်ရေး၊ ဆောက်လုပ်ရေးနဲ့ ပို့ဆောင်ရေးတို့ သုံးသင်းစလုံး ကစားအားလဲကောင်းတယ်၊ ကစားသမားပါဝင်မှုလဲမျှတယ်၊ လေးသင်းစလုံး ခြေမကွာလို့ အကြိတ်အနယ်ပြိုင်ရမှာပဲ၊ ကျွန်တော်တို့အသင်းကို လူငယ်တွေနဲ့ ဖွဲ့စည်းပြီး စိတ်ဓာတ်အပြည့်နဲ့ ကစားခဲ့လို့ အုပ်စုပထမရရှိခဲ့တယ်၊ အကြိုဗိုလ်လုပွဲတက်အောင် အစွမ်းကုန် ကြိုးစားသွားမှာပါ"ဟု ပြောကြားသည်။

ပို့ဆောင်ရေး

အုပ်စု(ခ)တွင် ပါဝင်ခဲ့သော ပို့ဆောင်ရေးအသင်းသည် တပ်မတော်(ကြည်း)အသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ လယ်ယာ/ဆည်မြောင်းအသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့်အနိုင်ရပြီး နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စုပထမရရှိခဲ့သည်။

ပို့ဆောင်ရေး ဘောလုံးအသင်းနည်းပြ ဦးစောညီညီထွန်းက "အုပ်စုအနေအထားအရလေးသင်းစလုံး ခြေညီနေလို့ ဘယ်အသင်းအုပ်စုတက်မယ်ဆိုတာခန့်မှန်းရခက်တယ်၊ ဘယ်အသင်းမှ လျှော့တွက်လို့မရဘူး၊ (ကက) အုပ်စုဆိုရင်ခန့်မှန်းလို့ရတယ်၊ အုပ်စုတက်မယ်လို့ ယုံကြည်ပါတယ်၊ အကောင်းဆုံးပြင်ဆင်ပြီး အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားမှာပါ"ဟုပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာန

အုပ်စု(ဂ)တွင် ပါဝင်ခဲ့သော ကာကွယ်ရေးဝန်ကြီးဌာနအသင်းသည် ကမ္ဘောဇကို တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ပြီး ဘဏ္ဍာ/အခွန်နှင့် ဂိုးမရှိသရေကျကာ စွမ်းအင်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်ရရှိပြီး ကမ္ဘောဇအသင်းနှင့် အမှတ်တူသော်လည်း ဂိုးကွာခြားချက်အရ အုပ်စုဒုတိယရရှိခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းအုပ်ချုပ်သူ ဗိုလ်ကြီးသိန်းနိုင်က "မြို့တော်စည်ပင်အသင်းကိုတော့အဓိကထားပြီး ပြိုင်ရမယ့်အနေအထားရှိတယ်။ ဆောက်လုပ်ရေးနဲ့ ပို့ဆောင်ရေးတို့ကတော့ မြို့တော်စည်ပင်လောက် မတောင့်တင်းဘူးလို့ထင်တယ်၊ ပထမအုပ်စုထက်စာရင် အခုအသင်းတွေက အများမခံဘူး၊ အသင်းလိုက်စုစည်းမှုကောင်းတဲ့အသင်းက အနိုင်ရပြီး အကြိုဗိုလ်လုပွဲတက်မယ်လို့ ထင်ပါတယ်" ဟု ပြောကြားသည်။

ဆောက်လုပ်ရေး

အုပ်စု(က)တွင် ပါဝင်ခဲ့သော ဆောက်လုပ်ရေးအသင်းသည် Royal Eleven အသင်းကို လေးဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး ပြည်ထဲရေးအသင်းနှင့် ဂိုးမရှိသရေကျကာ စီးပွား/ ကူးသန်းအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ရရှိပြီး အုပ်စုဒုတိယဖြင့် တက်လာခြင်းဖြစ်သည်။

ကြိုတင်သတင်းစကား

၂၀၀၇–၂၀၀၈ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပွဲစဉ်များအပြီးတွင် နာမည်ကြီးအသင်းများဖြစ်ကြသော ဘဏ္ဍာ/အခွန်နှင့် ကမ္ဘောဇတို့ပြိုင်ပွဲမှ ထွက်သွားကြရသည်။ ဒုတိယအဆင့် အုပ်စုပွဲစဉ်များအပြီးတွင် မည်သည့်အသင်းတို့ အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်မည်ကို စောင့်ကြည့်ကြရမည်ဖြစ်ကြောင်း ကြိုတင်သတင်းစကား ဖော်ပြလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

သတင်းဆောင်းပါး – ကိုထွေး

ဇွန် ၂၄ ရက်က မြန်မာလူငယ်လက်ရွေးစင် ဝူရှူးအားကစားအဖွဲ့ တောင်ကိုရီးယားနိုင်ငံသို့ ထွက်ခွာသွားကြရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက လိုက်ပါပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်း–ကျော်ဖုံး)(မြန်မာ့အလင်း)

အိုလံပစ်နေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ပြည်ထဲရေးအသင်းဗိုလ်စွဲ

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား ဗိုလ်လုပွဲစဉ်ကို ဇွန် ၂၄ ရက်က ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏပိုက်ကျော်ခြင်း အားကစားရုံ၌ ကျင်းပရာ ပြည်ထဲရေးအသင်းက ပို့ဆောင်ရေးအသင်းကို အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

ပါဝင်ကြ

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အတန်းခြောက်တန်းပါဝင်ရာ ပြည်ထဲရေးအသင်းက အတန်းလေးတန်း၌ ပထမရရှိခဲ့သည်။ ပြည်ထဲရေးပိုက်ကျော်ခြင်းအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒုတိယရဲမှူးကြီး ကိုကိုအောင်၊ အုပ်ချုပ်သူအဖြစ် ဦးသန်းထွန်း၊ နည်းပြအဖြစ် ဦးငွေဝင်းအောင်နှင့် ဦးဝေလင်းတို့က တာဝန်ယူဆောင်ရွက်ကြပြီး အားကစားသမား အမျိုးသား အမျိုးသမီး စုစုပေါင်း ၃၆ ဦး ပါဝင်ကြသည်။ **(အပေါ်ပုံ)**

အိုလံပစ်နေ့အထိမ်းအမှတ် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဝန်ကြီးဌာနအသင်း ၁၆ သင်း၊ ကလပ်အသင်း ၁၆ သင်း စုစုပေါင်း ၃၂ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပရီမီယာလိဂ်သို့ ပြန်ရောက်ဖွယ်ရှိသည့် ဒီဂိုဖော်လန်

မက်ဒရစ် ဇွန် ၂၈

ရာသီကုန် အပြောင်းအရွှေ့ရေစီးကြောင်းအတွင်းလိုက်ပါရန် ပြင်ဆင်နေသော ဘောလုံးသမားတစ်ဦးမှာ မန်ယူ တိုက်စစ်မှူးဟောင်းနှင့် ဗီလာရီးရဲတိုက်စစ်မှူး ဒီဂိုဖော်လန်ပင်ဖြစ်သည်။

ပရီမီယာလိဂ်၊ စပိန်လာလီဂါ၊ အီတလီစီးရီးအေနှင့် ဘွန်ဒက်စ်လီဂါကလပ်အသင်းများက ဒီဂိုဖော်လန်ကို ခေါ်ယူရန်စိတ်ဝင်စားနေရာ လာမည့်ဘောလုံးရာသီ၌ ဒီဂိုဖော်လန် မည်သည့်အသင်းသို့ ရောက်ရှိမည်ဆိုသည်မှာ စိတ်ဝင်စားဖွယ် ဖြစ်နေသည်။

မွေးဖွား

ဥရုဂွေးနိုင်ငံသား ဒီဂိုဖော်လန်ကို ၁၉၇၉ခုနှစ် မေ ၁၉ရက်က ဥရုဂွေးနိုင်ငံ မွန်တီဗီဒီယိုမြို့၌ မွေးဖွားခဲ့ရာ ယခုအသက်၂၈နှစ်အရွယ်ရှိ တိုက်စစ်မှူးတစ်ဦးဖြစ်သည်။

ဒီဂိုဖော်လန်သည် မန်ယူသို့ ၂၀၀၁-၂၀၀၂ ဘောလုံးရာသီ၌ စတင်ရောက်ရှိခဲ့ပြီး မန်ယူသို့ မရောက်မီကပင် ဥရုဂွေးလက်ရွေးစင်ဘောလုံးအသင်း၏ တိုက်စစ်မှူးတစ်ဦး ဖြစ်ခဲ့သည်။

ဥရုဂွေးအသင်း၌ တိုက်စစ်မှူးအဖြစ် ခြေစွမ်းပြကစားနိုင်သူဖြစ်ရာ ဥရောပကလပ်အသင်းများက အပြိုင်အဆိုင် ကမ်းလှမ်းမှုများကြားမှ မန်ယူအသင်းသို့ ရွေးချယ်ရောက်ရှိခဲ့သူဖြစ်သည်။

ဒီဂိုဖော်လန် မန်ယူရောက်စနှစ်၌ ပရီမီယာလိဂ်ပွဲ ခြောက်ပွဲနှင့် ချန်ပီယံလိဂ်ပွဲစဉ်များ၌ ပါဝင်ကစားပေးခဲ့သော်လည်း ရာသီကုန်သည်အထိ မန်ယူအတွက် တစ်ဂိုးမျှ သွင်းယူပေးနိုင်ခဲ့ခြင်း မရှိချေ။

သို့သော် ဖာဂူဆန်က ဒီဂိုဖော်လန်သည် အရည်အချင်းရှိသော တိုက်စစ်မှူးကောင်းတစ်ဦး ဖြစ်သည်ဟု မှတ်ချက်ပြုခဲ့ပြီး အရေးကြီးသော အဆုံးအဖြတ်ပွဲစဉ်များ၌ ထည့်သွင်းကစားစေခဲ့သည်။ ဒီဂိုဖော်လန်ကလည်း မထင်မှတ်သော အနေအထားမှ ဂိုးရအောင် သွင်းယူနိုင်ခဲ့သူ တစ်ဦးဖြစ်သည်။

ဒီဂိုဖော်လန်အနေဖြင့် မန်ယူအသင်းတွင် ပွဲချိန်ပြည့် ပါဝင်ကစားရသည့်ပွဲများနည်းခဲ့သော်လည်း မိမိကစားရသော အချိန်၌ အတတ်နိုင်ဆုံး ဂိုးရအောင် သွင်းယူပေးနိုင်ခဲ့သည်။ ထို့ကြောင့် ၂၀၀၂-၂၀၀၃ ဘောလုံးရာသီ၌ မန်ယူအတွက် စုစုပေါင်း ကိုးဂိုး၊ ၂၀၀၃-၂၀၀၄ ဘောလုံးရာသီ၌ ရှစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ဂိုးသွင်းယူ

၂၀၀၄-၂၀၀၅ ဘောလုံးရာသီ၌ မန်ယူက ဒီဂိုဖော်လန်ကို ဗီလာရီးရဲအသင်းသို့ ပြောင်းရွှေ့ခွင့် ပေးခဲ့သည်။ ဗီလာရီးရဲသို့ ရောက်ရှိလာသော ဒီဂိုဖော်လန်သည် ထိုနှစ် လာလီဂါဖလား ဘောလုံးပွဲစဉ်၌ ဗီလာရီးရဲအတွက် ၃၁ပွဲ ကစားပေးခဲ့ပြီး ၂၅ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

ကမ်းလှမ်း

ထိုသို့အံ့သြဖွယ်ကောင်းအောင် ခြေစွမ်းပြနိုင်ခဲ့သော ဒီဂိုဖော်လန်ကို စပိန်ကလပ်များက ပြောင်းရွှေ့ကစားရန် ကမ်းလှမ်းခဲ့ကြသည်။ သို့သော် ဒီဂိုဖော်လန်က ဗီလာရီးရဲ၌ပင် ဆက်လက်ကစားခဲ့သည်။

အတွဲညီစွာ

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ၌ ဗီလာရီးရဲ အသင်းအတွက် လာလီဂါ၌ပွဲပေါင်း ၃၀ပါဝင်ကစားပေးခဲ့သော်လည်း စုစုပေါင်း၁၃ဂိုးသာ သွင်းယူပေးနိုင်ခဲ့သည်။ ထို့အတူ ကစားဖော် တိုက်စစ်မှူးများဖြစ်သော ဖရန်ကို၊ တိုမာဆင်၊ နီဟက်၊ ဂျိုနသန်နှင့် ဒေးဗစ်ဖူစတာတို့နှင့် အတွဲညီစွာ ကစားနိုင်ခဲ့သည်။

ခေါ်ယူ

၂၀၀၆-၂၀၀၇ ဘောလုံးရာသီ၌ ဒီဂိုဖော်လန် အနေဖြင့် ဗီလာရီးရဲအတွက် လာလီဂါ၌ ၁၉ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ယခုအခါဒီဂိုဖော်လန်၏ ဂိုးသွင်းစွမ်းရည်ကို သဘောကျသော ပရီမီယာလိဂ်အသင်းများဖြစ်သည့် လီဗာပူးနှင့် ဆန်းဒါးလန်းတို့က ခေါ်ယူရန် ကြိုးစားနေကြသည်။

စဉ်းစား

ထို့အတူ အက်စတွန်ဗီလာ အသင်းနည်းပြ မာတင်အိုနေးလ်ကလည်း ခေါ်ယူရန် ကြိုးစားနေရာ ဒီဂိုဖော်လန် မည်သည့် အသင်းသို့ ပြောင်းရွှေ့မည်ကို စဉ်းစားရတော့မည် ဖြစ်သည်။ မာတင်အိုနေးလ်က ဒီဂိုဖော်လန်ကို ပေါင်၁၅ သန်းပေးကာ ခေါ်ယူရန်ကြိုးစားနေသလို လီဗာပူးနည်းပြ ဘင်နီတက်ဇ်က အင်အားနည်းနေသော တိုက်စစ် အတွက် ဒီဂိုဖော်လန်ကို ရရှိရေး ချဉ်းကပ်နေသည်။

စောင့်ကြည့်ရမည်

တစ်ဖန် မန်ယူကစားသမားဟောင်း ရွိုင်ကိန်းကလည်း သူ၏ ဆန်းဒါးလန်းအသင်းအတွက် ဒီဂိုဖော်လန်ကို လာရောက်ကစားရန် ခေါ်ယူလျက်ရှိရာ ဒီဂိုဖော်လန် မည်သို့ဆုံးဖြတ်ပြီး မည်သည့်အသင်း ရောက်ရှိမည်ကို စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

ကိုးကားတင်ပြသူ မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်လွှား အားကစား

ဗီလာရီးရဲတိုက်စစ်မှူး ဒီဂိုဖော်လန်။
(ဓာတ်ပုံ-အင်တာနက်)

လီဗာပူးမှ ဆစ်စီအားရောင်းမည်

ရေးသားသူ မောင်ချစ်ကြည်

လန်ဒန် ဇွန် ၂၈

ပြင်သစ်နှင့် လီဗာပူးကစားသမားဆစ်စီအား အခြားကလပ် အသင်းတစ်သင်းက စိတ်ဝင်စားလျှင် မိမိခွင့်ပြုမည်ဖြစ်ကြောင်း လီဗာပူးနည်းပြ ဘင်နီတက်ဇ်က ပြောကြားလိုက်သည်။

ပြောင်းရွှေ့

ဆစ်စီသည် ၂၀၀၄ ခုနှစ်က အော်စေးအသင်းမှ စံချိန်တင် ပြောင်းရွှေ့ကြေးပေါင် ၁၄သန်းဖြင့် လီဗာပူးက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် လီဗာပူး၌ ဆစ်စီခြေစွမ်းမပြနိုင်သဖြင့် ပြီးခဲ့သည့် ဘောလုံးရာသီက မာဆေးလ်အသင်းသို့ အငှားချထားခဲ့သည်။ အသက်၂၅နှစ်အရွယ်ရှိဆစ်စီသည်အကောင်းဆုံး ခြေစွမ်းပြနိုင်သည့် အသက်အရွယ်ဖြစ်ကြောင်း၊ ဆစ်စီသည် ကစားအားကောင်းသော ဘောလုံးသမား တစ်ဦးလည်း ဖြစ်ကြောင်း ဘင်နီတက်ဇ်က ပြောကြားခဲ့သည်။

ဝယ်ယူနိုင်

သို့သော်လည်း ဘင်နီတက်ဇ်က ဆစ်စီအား ဝယ်ယူလိုသည့် အသင်းများအနေဖြင့် ဝယ်ယူနိုင်ကြောင်း၊နောက်ထပ် အငှားချထားမည် မဟုတ်ကြောင်း လီဗာပူးဝက်ဘ်ဆိုက်မှ ပြောကြားခဲ့သည်။ ဆစ်စီသည် ဝဲဘက်ခြေထောက် နှစ်ကြိမ်ကျိုးခဲ့ပြီးနောက်ပိုင်း ဘောလုံးကို ကောင်းစွာခြေစွမ်း မပြနိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

(အင်တာနက်)

လီဗာပူးမှရောင်းထုတ်တော့မည့်ဆစ်စီ။
(ဓာတ်ပုံ-အင်တာနက်)

ထရေဇီဂေးလ် ဂျူဗင်းတပ်စ်နှင့် စာချုပ်သစ်ချုပ်ဆိုမည်

ရောမ ဇွန် ၂၈

အာဆင်နယ်တိုက်စစ်မှူး အွန်နရီ ဘာစီလိုနာသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ၎င်းနေရာ၌ ဂျူဗင်းတပ်စ်တိုက်စစ်မှူး ထရေဇီဂေးလ်နှင့်အစားထိုးမည်ဟူသော သတင်းများ ဖြစ်ပေါ်နေချိန်တွင် ထရေဇီဂေးလ်က ဂျူဗင်းတပ်စ်နှင့် စာချုပ်သစ် တစ်ရပ်ချုပ်ဆိုရန် သဘောတူလိုက်ခြင်းဖြင့် ထွက်ပေါ်နေသော သတင်းများ ပျောက်ကွယ်သွားပြီဖြစ်သည်။

စာချုပ်

အသက် ၂၉ နှစ်အရွယ် ပြင်သစ် တိုက်စစ်မှူး ထရေဇီဂေးလ်က ဂျူဗင်းတပ်စ်အသင်းနှင့် ၂၀၁၁ ခုနှစ်အထိ စာချုပ် ချုပ်ဆိုရန် သဘောတူလိုက်ရာ ဂျူဗင်းတပ်စ်၌ ဆက်လက်ကစားရန် သေချာသွားပြီဖြစ်သည်။

ထရေဇီဂေးလ်ကိုအာစင်ဝင်းဂါးက ခေါ်ယူရန် ပစ်မှတ်ထားနေသော်လည်း ထရေဇီဂေးလ်က ဂျူဗင်းတပ်စ်၌သာ ဆက်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထရေဇီဂေးလ်သည် ဂျူဗင်းတပ်စ်နှင့်အတူ ဘောလုံးခုနစ်ရာသီကစားခဲ့ပြီး ဂိုးပေါင်း ၁၄၅ဂိုး သွင်းယူပေးနိုင်ခဲ့သည်။



ဂျူဗင်းတပ်စ်နှင့်စာချုပ်သစ် ချုပ်ဆိုလိုက်ပြီဖြစ်သည့် ထရေဇီဂေးလ်။
(ဓာတ်ပုံ-အင်တာနက်)

ရောက်ရှိလာ

ဂျူဗင်းတပ်စ်အသင်းသို့ ယခုနှစ် နွေရာသီ၌ ရောက်ရှိလာသော ဘောလုံးသမားများမှာ ချယ်လ်ဆီးကွင်းလယ်ကစားသမားဟောင်း တီရာဂို၊ အီတလီ တိုက်စစ်မှူး အိုင်ယာကွင်တာနှင့် အမ်ပိုလီအသင်းမှ ဆာဂျီရိုဘာနာဒို အယ်မီရွန်တို့ ဖြစ်သည်။

(အင်တာနက်)

ဝင်ဘယ်တန်တင်းနစ်ပြိုင်ပွဲ ရော်ဂျာဖက်ဒဲယား တတိယအဆင့်တက်ရောက်

လန်ဒန် ဇွန် ၂၈

၂၀၀၇ခုနှစ် ဝင်ဘယ်တန် တင်းနစ်ချန်ပီယံပြိုင်ပွဲ ဒုတိယအဆင့်ပြိုင်ပွဲကို ဇွန် ၂၇ရက်က ရော်ဂျာဖက်ဒဲယားနှင့် ဂွျန်မာတင်ဒယ်ပိုထရိုတို့ ယှဉ်ပြိုင်ကစားရာ ရော်ဂျာဖက်ဒဲယားက အနိုင်ရရှိသွားသည်။

ဆွစ်ဇာလန် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားသည် ဝင်ဘယ်တန်ပြိုင်ပွဲ၌ အာဂျင်တီးနား တင်းနစ်ကစားသမား ဂွျန်မာတင်ဒယ်ပိုထရိုကို ၆-၂၊ ၇-၅၊ ၆-၁ ဖြင့် သုံးပွဲပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အနိုင်ရ

ရော်ဂျာဖက်ဒဲယားသည် ဝင်ဘယ်တန် ချန်ပီယံဆုကို လေးကြိမ်မြောက်ဆွတ်ခူးထားသည့် ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမားဖြစ်သည်။ ယခုပွဲ၌ ရော်ဂျာဖက်ဒဲယားက အမှားအယွင်းမရှိ ကစားနိုင်ခဲ့ပြီး အခက်အခဲမရှိ ဂွျန်မာတင်ဒယ်ပိုထရိုအပေါ် အနိုင်ရရှိခဲ့ခြင်းလည်း ဖြစ်သည်။

(အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

★ **ဂျပန်နိုင်ငံ ချီဘာမြို့၌ ဇွန်၂၇ရက်က ကျင်းပသည့် ဂျပန်အိုးပင်းစားပွဲတင် တင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် တရုတ်တင်းနစ်မယ် ဝမ်နန်က ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည်။**

★ ဂျာမနီနိုင်ငံ၌ ကျင်းပသည့် ဥရောပဖလား ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသားမီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ပြင်သစ်အပြေးသမား လီစလီဒီဂျုန်းက ၄၅ဒသမ ၅၄စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။ **(အင်တာနက်)**

ပြင်သစ် နောက်ခံလူဖာနီ ဆဲလ်တစ်သို့ ပြောင်းမည်

ပါရီ ဇွန် ၂၈

ပြင်သစ်အသင်းနှင့် နန့်စ်ဘောလုံးအသင်း နောက်ခံလူ ဖာနီအား နန့်စ်အသင်းက ရောင်းချမည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

အသက် ၂၅ နှစ်အရွယ်ရှိ ဖာနီအား ဆဲလ်တစ်မိုနာကိုနှင့် ပရီမီယာလိဂ်အသင်းများက စိတ်ဝင်စားနေရာ အသင်းတစ်သင်းသို့ ပြောင်းရွှေ့တော့မည်ဖြစ်သည်။

နီးစပ်

လောလောဆယ်၌ ဆဲလ်တစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် နီးစပ်လျက်ရှိသည်။ ၂၀၀၅ခုနှစ်မှ စတင်ကာ နန့်စ်အသင်းသို့ ရောက်ရှိလာခဲ့သော ဖာနီသည် မည်သည့်ပြဿနာမျှ ဖြစ်ပွားခဲ့ခြင်းမရှိချေ။

ခြေစွမ်းပြ

နန့်စ်အသင်းနှင့်အတူ ခြေစွမ်းပြနိုင်ခဲ့သော နောက်ခံဘောလုံးသမားတစ်ဦး ဖြစ်ကြောင်း နန့်စ်အသင်း ဒါရိုက်တာ ရိုဂါရစ်ကော့က ပြောကြားသည်။

ဖာနီသည် မကြာမီဆဲလ်တစ်နှင့် စာချုပ်ချုပ်ဆို ပြောင်းရွှေ့တော့မည်ဟု ဖာနီအေးဂျင့်ဖြစ်သူက ပြောကြားသည်။ **(အင်တာနက်)**

ဖခင်အမည်မှန်

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အထက(၁) တတိယတန်း (B) မှ စိုင်းဘုန်းခန့်နောင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဉာဏ်စိုး ၁၃/လရန (နိုင်) ၀၃၄၈၄၇ ဖြစ်ပါကြောင်း။

KMD (သိမ်ကြီးဈေး) Computer Centre
သိမ်ကြီးဈေး (စီ) ရုံ၊ တတိယထပ်၊ ရွှေတိဂုံဘုရားလမ်း၊ ဖုန်း - ၃၈၄၂၆၈/ ၃၈၄၆၄၁
Since 1986
:: i-Office :: Graphics Design :: Desktop Publishing :: Email & Web Design
:: Basic Software Engineering :: Practical A+ :: LCCI Computerised Accounting
အခြေခံမှစ၍ နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များ သင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။

နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့၏ ISO 9001:2000 အရည်အသွေးစီမံခန့်ခွဲမှုလက်မှတ်ရ
လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်
စိတ်ဖိစီးမှုလျော့ပါးစေရန်၊ ဆီးရောဂါများကုသရန်၊ ခွန်အားသစ်ကိုဖြစ်ထွန်းစေရန်၊ မှတ်ဉာဏ်ကောင်းမွန်စေရန်၊ အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။
Lwin Myint Aung Industrial Co.,Ltd အမှတ်(၁၃၀/၇)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၅၄၈၀၈၇၄၊
Certificate TH06/0850.1QM

ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များပို့ ဆောင်ပေးမည်
(အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့)

၂၀၀၁-၂၀၀၂ ခုနှစ်မှစတင်၍ သာသနာရေးဝန်ကြီးဌာန၏(၆)ကြိမ်မြောက် ဆက်လက်တာဝန်ပေးချက်အရ ယခု ၂၀၀၇ ခုနှစ် စက်တင်ဘာလမှစတင်၍ "**အောင်ချမ်းသာမှ သင့်ဆန္ဒပြည့်ဝစေရမည်**" ဟူသော ဆောင်ပုဒ်နှင့်အညီ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များအား အမျိုးသားများနှင့် ရင်ဘောင်တန်းကာ အကျိုးဆောင် **ဒေါ်သခင်မြင့်အောင်** ကိုယ်တိုင် ဗုဒ္ဓဂယာ၌ အခြေပြု၍ ယမန်နှစ်ကထက် ပိုမိုနွေးထွေးသော ဝန်ဆောင်မှုများဖြင့် ပို့ဆောင်ပေးရန် စီစဉ်ထားရှိပါသည်။

ကျေနပ်အားရပီတိဖြစ်မှုကောင်းသတင်းအစုစုဖြင့် စိတ်အေးချမ်းသာစွာသာသနာပြုနိုင်ခဲ့ကြကြောင်း ဘုရားဖူးပြန်များ၏ တဖွဲ့ဖွဲ့ပေးပို့လာသည့် ကျေးဇူးတင်လွှာများနှင့် ယခုနှစ်လည်းပြန်လည်လိုက်ပါရန် အဆိုပြုထားကြသည့် ဓမ္မမိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါသည်။

အောင်ချမ်းသာအဖွဲ့နှင့် မဂ္ဂင်ဖောင်ကြီး အတူစီး၍ အပါယ်တံခါးပိတ်ရာ ဗုဒ္ဓဂယာသို့ဘုရားဖူးသွားရောက်လိုသူများ **POWER PALACE HOTEL** အမှတ်-၁၆၊ပြည်သာယာလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၅၄၈၂၁၀ ၊ ၅၄၄၂၈၇ ၊ ၇၂၄၅၆၈ ၊၅၅၉၇၁၉၊ ၀၉-၉၉-၂၆၁၀၈၊ ၀၉-၅၁၂-၈၆၂၁ နှင့် သာသနာ ရေးဝန်ကြီးဌာန (လုပ်ငန်းခွဲရုံး)ဖုန်း ၆၆၀၆၄၆၊ ၆၆၀၈၄၃ သို့ အမြန်ဆက်သွယ် စာရင်းပေးသွင်းနိုင်ပါသည်။

သခင်မြင့်အောင်
(အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့)

အမည်မှန်
အဖ ဦးဝင်းမောင်၏ သမီး အထက (၂) ဒဂုံဆိပ်ကမ်း၊ အဌမတန်း(D)မှ မသဇင်အား မသဇင်ဝင်းမောင်ဟု ပြောင်းလဲခေါ်ပါရန်။
မသဇင်ဝင်းမောင်။

အများသိရှိကြစေရန်အသိပေးခြင်း

မျိုးသန္တာထွန်း(အကယ်ဒမီ)သည် ၎င်း၏ အလုပ်ဆိုင်ရာကိစ္စများ၊ ၎င်း၏ငွေရေး၊ ကြေးရေးဆိုင်ရာကိစ္စများ၊ ၎င်း၏ လူမှုရေးဆိုင်ရာကိစ္စများကို ၎င်းကိုယ်တိုင်ဆောင်ရွက်ပါသည်။ ၎င်း၏အစ်မတော်စပ်သူ မတိုးတိုးမြင့်၁၂/မဂတ(နိုင်)၁၁၂၈၉၇အပါအဝင် အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ၎င်း၏ကိုယ်စား ဆောင်ရွက်ရန် ကိုယ်စားလှယ်လွှဲအပ်ထားခဲ့ခြင်းမျိုး တစ်စုံတစ်ရာမရှိပါ။ ၎င်း၏အစ်မတော်စပ်သူ မတိုးတိုးမြင့် အပါအဝင် အခြားမည်သူတို့ကမဆို၊ မည်သည့်ကိစ္စမျိုး၌မဆို မျိုးသန္တာထွန်း၏ အမည်နှင့် ဂုဏ်သိက္ခာကို သုံးစွဲခြင်းမပြုမိစေရန် အသိပေးတားမြစ်ပါသည်။ သို့ပါလျက်မှ မည်သူမဆိုတို့က အဆိုပါကိစ္စများကို မည်သို့မဆိုပြုခဲ့သည်ရှိသော် ထိုသို့ ပြုသူမည်သူ့ကိုမဆို သက်ဆိုင်ရာ ဥပဒေကြောင်းတို့အရ အရေးယူခြင်းခံရလိမ့်မည်ဖြစ်ပါသည်။

မျိုးသန္တာထွန်း၏လွှဲအပ်မှုဖြင့်-
ဦးသန်းအောင်၊ ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဘွဲ့ရ
တရားရုံးချုပ်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်
၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၅၄၆၄။

ဦးအောင်ဟိန်း
၁။ ထသွားထလာ အင်္ဂလိပ်စကားပြော
၂။ နိုင်ငံခြားသွား အမြန် (၁) လ
၃။ အင်္ဂလိပ်စာ အခြေခံရေးနည်း
၄။ ရဟန်းသံဃာတော်များအတွက် စကားလုံး ၅၅၀ သုံး အင်္ဂလိပ်စကားပြော New Present Day English
ဖုန်း-၇၀၀၃၀၂၂ ၅၅၂၉၇၄
PRIME English Language Acquisition Centre
၃၈ လမ်း ပလာဇာ (၃-ထပ်) ၊ ဆိပ်ကမ်းသာလမ်းအထက် ။

ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဇွန် ၂၈

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိ=နိ ရန်ကုန်ဌာန တိပိဋကကျောင်းတော် အမှတ် ၁၂ စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် (၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲကို ကျင်းပမည်ဖြစ်ရာ ၁၃၆၉ခု ဒုတိယဝါဆိုလဆန်း ၁၄ရက် (ဇူလိုင် ၂၈ရက်) စနေနေ့ နံနက် ၉ နာရီ ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ တိ=နိ အဖွဲ့ဝင်များ၊ ဓမ္မမိတ်ဆွေများ၊ စေတနာရှင် အလှူရှင်များကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၂၂၂၂၇၇၊ ၂၂၂၂၇၈နှင့် ၂၂၂၂၇၉တို့သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမည်ပြောင်း

ဦးမြသန်းထွန်း ၈/မကန (နိုင်) ၀၂၉၄၉၅၊ ဒေါ်စန္ဒာဝင်း ၈/မကန (နိုင်)၀၀၈၂၄၄ တို့၏သမီး၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း (ကမာရွတ်)၊ ပထမတန်း (J) မှ မကြည်စင်ဝင်းအား ယနေ့မှစ၍ မသွန်းနန္ဒာစိုး ဟု ပြောင်းလဲခေါ်ပါရန်။ **မသွန်းနန္ဒာစိုး။**

ဦးအောင်ကျော် (Tu Tu - Su Su)
English Speaking & Phonetics
တန်းခွဲသစ်ဖွင့်ရက် (1.7.07: 12:00-1:30)
Further Study + Work Program
အလုပ်/ဝင်ခွင့် များအားလုံး
၁၀၆၊ စဉ့်အိုးတန်းလမ်း၊ လသာ။ ☎ 250727

ရောင်းမည်
၁။ ပြည်လမ်း ၈၀'×၁၀၀' ရေ၊ မီး။
၂။ ကမ္ဘာအေး မြေတစ်မတ်
၃။ ပါရမီ ၈၀'×၆၀' ရေမီး။
☎ ၇၂၇၅၅၈
☎ ၀၉-၅၀၁၀၂၄၇

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်နိုင်လင်းအောင်၁၂/သဃက (နိုင်) ၁၄၀၇၈၇ သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက် ၂၁-၅-၂၀၀၇ရက်တွင် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို မည့်သို့မျှ တာဝန်မယူပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဖခင်-ဦးကျော်ဝင်း
၁၂/သဃက(နိုင်)၁၃၆၈၀၃
မိခင်- ဒေါ်တင်တင်မူ
၁၂/သဃက(နိုင်) ၁၃၄၀၉၀။

အလှူငွေပေးအပ်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ အုတ်မြစ်တော်စီပေးခဲ့ပြီး မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ဝိပဿနာ တရားပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဂိုအင်ကာ ဦးဆောင်၍ အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသည့် ကမ္ဘာ၏ အဌမမြောက်အံ့ချီးဖွယ်ဖြစ်လာမည့် ရွှေတိဂုံစေတီတော်ကြီးနှင့် ပုံတော်တူ ကမ္ဘာ့ဝိပဿနာလိုဏ်ဂူ စေတီတော်ကြီးအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ဓမ္မဇောတိဝိပဿနာ ရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မြို့နယ်အချို့၌ လေပြင်းမုန်တိုင်းတိုက်ခတ် ပျက်စီးမှုများအား အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းဖယ်ရှားခဲ့

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်း မြို့နယ်အချို့တွင် ယနေ့ညနေပိုင်းက လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် အပျက်အစီးအချို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

ပစ္စည်းအချို့လွင့်ပါ

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကျောက်တံတားမြို့နယ်နှင့် လမ်းမတော်မြို့နယ်တို့၌ ညနေ ၄နာရီခွဲခန့်တွင် လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့ အမိုးသွပ်များ လေထဲသို့ လွင့်ပါခြင်း၊ သစ်ပင်အချို့ အမြစ်မှ ပြုတ်ထွက်လဲပြိုခြင်း၊ ဖုန်းကြိုးနှင့် မီးကြိုးအချို့ ပြတ်တောက်ခြင်းနှင့် ဈေးဆိုင်အချို့မှ ပစ္စည်းများ လေထဲ လွင့်ပါခြင်းများရှိခဲ့သည်။

လေပြင်းမုန်တိုင်း

အလားတူ ဒလမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တို့တွင်လည်း ယနေ့ညနေပိုင်းတွင် လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့ အမိုးသွပ်များ လေထဲ လွင့်ပါခြင်း၊ သစ်ပင်များလဲပြိုခြင်း၊ ဖုန်းလိုင်းနှင့် မီးလိုင်းအချို့ ပြတ်တောက်ခြင်းများ ရှိခဲ့ကြောင်း၊ သဃ်န်းကျွန်းမြို့နယ်တွင် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် အမျိုးသမီးတစ်ဦးသေဆုံးကာ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ကူညီဆောင်ရွက်

လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ချို့ယွင်းပျက်စီးမှုများအား ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ ဝန်ထမ်းများ၊ မြို့နယ်မှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းဖယ်ရှားခဲ့ကြောင်း ဒဏ်ရာရ လူနာနှစ်ဦးအား လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း အရှိန်အဟုန်ကောင်း ပြနေဆဲ နိုင်ငံခြားဇာတ်ကားများ ဆက်လက်ပြသလျက်ရှိ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဇွန် ၂၈

လှိုင် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် အကြည်တော်၏ ဝတ္ထုကို ဆုသြချယ် ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာမီးပွား ရိုက်ကူးသည့် **ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း** ဟာသဇာတ်မြူးကားမှာ ရုံပြည့်ရုံလျှံ အရှိန်အဟုန်ကောင်းနေဆဲဖြစ်သည်။

ယင်းဇာတ်ကားတွင် လွင်မိုး၊ ခန့်စည်သူ၊ နန္ဒာလှိုင်၊ ပုလဲဝင်း၊ စန္ဒီမြင့်လွင်၊ ဇော်ဝမ်း၊ ချိုပြုံး၊ မိုးဒီ၊ အရိုင်း၊ ကင်းကောင်၊ ကုသိုလ်၊ ဇရော၊ ကျော်ထူး၊ ဗေလုဝ၊ ဆိုနီ၊ မိုးကျော်၊ ငြိမ်းချမ်း၊ ဂေါ်ဇီလာ၊ ငွေတောင်၊ ရက်တယ်၊ ဝွမ်းပုံလေး၊ အက်စသာ စသော ဟာသသရုပ်ဆောင် အင်အားပြည့် ပါဝင်သရုပ်ဆောင်ထားသည်။ ရန်ကုန်မြို့တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ကြည့်ရမည်ဖြစ်ပြီး မန္တလေးမြို့တွင် ဝင်းလိုက်နှင့် မြို့မရုံများတွင် ပြသနေဆဲဖြစ်သည်။

နိုင်ငံခြားဇာတ်ကားများ

ရှေ့ဆောင်ရုံတွင် လက်ဖြောင့်သေနတ်သမား Shooter ပြသနေပြီး နေပြည်တော်ရုံတွင် ပင့်ကူလူသား Spider Man-3 ဆက်လက်ပြသနေဆဲဖြစ်သည်။ ရွှေဂုန်ရုံ အပေါ်ထပ်တွင် စတီဗင်ဆီးဂဲလ် ခေါင်းဆောင်ပါဝင်ထားသော Under Siege အက်ရှင်ဇာတ်ကား ရုံဝင်လာပြီး မြေညီထပ်၌ မင်းသား အာဂျေးဒေ့ဂန် ခေါင်းဆောင်ပါဝင်ထားသော အိန္ဒိယဇာတ်ကား Yeh Raaste Hain Pyar Ke ပြသနေသည်။ မြို့မရုံတွင် မင်းသား အာဂျန်ရမ်ပူးလ်၊ ရီခါး၊ ပရင်တီဇင်တာတို့ ပါဝင်သရုပ်ဆောင်ထားသော Dil Hai Tumhaara ဇာတ်ကား ပြသလျက်ရှိသည်။

မြို့လယ် ဆုထူးပန်ရုံတွင် အိန္ဒိယဇာတ်ကား Hera Pheri ရုံဝင်လာပြီး စုနီးလ်ရှက်သီး၊ အရေးကူးမားနှင့် မင်းသမီးချော တာဘူးတို့ အဓိကပါဝင်သရုပ်ဆောင်ထားသည်။ ဘုရင့်ရုံတွင် ပီကေမင်းသား ပါဝင်ထားသည့် Fight Clubဆက်လက်ပြသနေဆဲဖြစ်သည်။

ဗီဒီယိုဇာတ်ကားများ

နယူးထိပ်တန်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ ရဲဝန်ထမ်းဟောင်း တစ်ဦးနှင့် ချောချစ်စံတို့ ရိုက်ကူးသည့် **မျက်စိတစ်မှိတ် လျှပ်တစ်ပြက်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ စံပြ၊ ရွှေမန်း၊ သီတာရုံများတွင် ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် သူထူးစံနှစ်ကိုယ်ခွဲ သရုပ်ဆောင်ထားပြီး ပပဝင်းခင်၊ နေရဲလင်း၊ ညီညီမင်းထက်တို့ ပါဝင်ထားသည်။ လူပ်ရှားမှု အသားပေး မှုခင်းဖော်ထုတ်ရေးဇာတ်ကားဖြစ်သည်။

ပါဝင်ကြ

ချမ်းသာ (ရွှေမန်းသဘင်)၏ ဇာတ်ကားကို ဒါရိုက်တာ ညိုမင်းလွင် ရိုက်ကူးပြီး ဒွေး၊ ရဲအောင်၊ မင်းဟိဏ်း၊ သားညီ၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်၊ ထူးမွန်၊ ဟန်နီထွန်း၊ သဇင်တို့ပါဝင်ထားသည့် **ဆုတောင်းမှားသူများ** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ မဟာမြိုင်ရုံတွင် ပြသလျက်ရှိသည်။

ပြသဆဲ

ဇေယျာဝတီ၊ ရွှေဗဟို၊ ဘုရင့်နောင် ရုံများတွင် **နေတစ်စင်း လတစ်စင်း ချစ်ခြင်း အသချေ** ဗီဒီယိုဇာတ်ကား ဆက်လက် ပြသနေဆဲဖြစ်သည်။ နိုင်းနိုင်း၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင် ပါဝင်ပြီး လူငယ်သုံးဦး၏ ရင်ခုန်လွမ်းမောဖွယ် အချစ်ဇာတ်လမ်းတစ်ပုဒ်ကို အခြေခံ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ။

(မြန်မာ့အလင်း)

ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူ အကြောင်းမှ လွင်မိုး၊ နန္ဒာလှိုင်။

မြဝတီမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့နှင့် အလှူငွေပေးအပ်ပွဲကျင်းပ

မြဝတီ ဇွန် ၁၅

ကရင်ပြည်နယ် မြဝတီမြို့တွင် ၂၀၀၇-၂၀၀၈ ခု ပညာသင်နှစ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ဇွန် ၇ ရက်က မြဝတီမြို့ သောင်ရင်းခန်းမတွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွှန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလူနှင့် အဖွဲ့ဝင်များ၊ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ အလှူရှင်များနှင့် ကျောင်းသားမိဘများ အင်အား ၃၀၀ ခန့် တက်ရောက်ကြသည်။

မှတ်တမ်းလွှာ

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွှန့်က အမှာစကားပြောကြားပြီး **(ယာပုံ)** ပညာရေးဝန်ကြီးဌာနက လှူဒါန်းသော ကျောင်းသုံးပုံနှိပ်စာအုပ် အစုံ၂၂၀၀၊ ကျောင်းနေရန်အခက်အခဲရှိသူများအတွက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ်၁၀သိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ်ငါးသိန်း အပါအဝင် စေတနာရှင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများကလှူဒါန်းသော ငွေကျပ် ၄၅ သိန်းကို တာဝန်ရှိသူများက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အားပေး

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် မြို့ပေါ်ကျောင်းများတွင် ကျောင်းအပ်နှံနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်ငူအထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်များ ဗောဓိကုန်းကျေးရွာအုပ်စုမှ လူနာများအား အခမဲ့ဆေးကုသ

အုတ်တွင်း ဇွန် ၂၂

တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးပညာပေး ဟောပြောပွဲအခမ်းအနားကို ဇွန် ၁၆ ရက် နံနက်က အုတ်တွင်းမြို့နယ် ပေါက်တောကျေးရွာအုပ်စု ဗောဓိကုန်းကျေးရွာ တွဲဖက်အထက ခန်းမဆောင်တွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ တောင်ငူခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ ရစ်ချပ်ဘိုနီနှင့် အထူးကုဆရာဝန်ကြီးများ၊ အုတ်တွင်းမြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာသင်းသင်းအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ အုတ်တွင်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကွင်းဆင်းဆေးဝါးကုသခြင်းအတွက် ထောက်ပံ့လှူဒါန်းငွေကျပ်တစ်သိန်းကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်သိန်းသိန်းတိုးက မြို့နယ်ဆရာဝန် ဒေါက်တာ သင်းသင်းအောင်သို့ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးဆိုင်ရာ ပညာပေးကိစ္စများကို ဟောပြောဆွေးနွေးကြပြီး ဗောဓိကုန်း ကျေးလက်ကျန်းမာရေးနယ်မြေ ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ လူနာ ၅၂၄ ဦးတို့အား အခမဲ့ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။ **(၃၁၆)**

နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

ဇွန် ၁၄ ရက်က ဧရာဝတီတိုင်း ဟင်္သာတခရိုင် မြန်အောင်မြို့နယ် ရှားတောအုပ်စု၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဟင်္သာတခရိုင် ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၈၇ ကတ်ကို ရှားတောကျေးရွာအုပ်စု ပြည်သူများထံ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပုသိမ် မြို့မဈေး၌ အိုင်အိုဒင်းဆားများ ရောင်းချရေးစစ်ဆေး

ပုသိမ် ဇွန် ၁၀

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ဆားရောင်းချသူများအား အိုင်အိုဒင်းဆားများ ရောင်းချရေးအတွက် ဇွန် ၄ ရက် နံနက် ၇ နာရီခွဲက ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးဦးမြဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(ဈေး) ဦးတင်မောင်လတ်၊ မြို့မဈေးတာဝန်ခံနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များသည် မြို့မဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဟုမ္မလင်းမြို့၌ ပန်းအလှပင်များ စိုက်ပျိုး

ဟုမ္မလင်း ဇွန် ၅

ဟုမ္မလင်းမြို့ သာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မေ ၂ ရက်က ဇီဝကလမ်း လမ်းလယ်ကျွန်းတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် လမ်းဘေးဝဲယာ ပေါင်းမြက်ရှင်းလင်းခြင်း လုပ်ငန်းများဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုး ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသပ်ရပ်လှပစေရန် အစဉ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၆ ရက်က အထက်လမ်းမကြီးတစ်လျှောက် အမှိုက်များရှင်းလင်းသိမ်းဆည်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးအေးဆွေ ကြီးကြပ်လုပ်ဆောင်ပေးစဉ်။ (၁၆၈)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန

(အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၂-၇-၂၀၀၇ **(တနင်္လာနေ့)**
- ❑ Isostasy, Continental Drift and Plate
  - တတိယနှစ်၊နောက်ဆုံးနှစ်၊ဂုဏ်ထူးတန်း၊မဟာဝိဇ္ဇာ၊ပါရဂူဘွဲ့ကြိုသင်တန်း
- ❑ လီဒိုလမ်း၏အတိတ်နှင့်အနာဂတ်မျှော်လင့်ချက်များ
  - ပါရဂူဘွဲ့သင်တန်းများ

၃-၇-၂၀၀၇ **(အင်္ဂါနေ့)**
- ❑ An Introduction to Philosophy of Religion
  - ယင်းဘာသာရပ်၏ အခြေခံအချက်များကိုစိတ်ဝင်စားသူများ
- ❑ Client Centered Psychotherapy
  - မဟာဝိဇ္ဇာတန်းနှင့် စိတ်ပညာမဟာသိပ္ပံ (စိတ်ကျန်းမာပညာ) သင်တန်းများအတွက်

၄-၇-၂၀၀၇ **(ဗုဒ္ဓဟူးနေ့)**
- ❑ The Nature and Scope of the Law
  - ဥပဒေပထမနှစ်မှနောက်ဆုံးနှစ်
- ❑ Myanmar Agenda 21 and Myanmar-United Nations Co-Operation in Envirronmental Rehabilitation in the Dry Zone
  - မဟာဝိဇ္ဇာ၊ပါရဂူဘွဲ့၊ဘွဲ့လွန်သင်တန်းများ

၅-၇-၂၀၀၇ **(ကြာသပတေးနေ့)**
- ❑ ပုဂံခေတ်ကျောက်စာအဆောက်အအုံ(၅)အနက်"နန်းဘုရား"အကြောင်း
  - ရှေးဟောင်းသုတေသနပညာအထူးပြုနှင့် စိတ်ဝင်စားသူများ
- ❑ Some Well-known Name Reactions For Organic Synthesis
  - မဟာသိပ္ပံနှင့်ပါရဂူဘွဲ့သင်တန်းများ

၆-၇-၂၀၀၇ **(သောကြာနေ့)**
- ❑ Elemental Analysis Using EDXRF
  - မဟာသိပ္ပံ၊မဟာသုတေသန၊ပါရဂူဘွဲ့သင်တန်းများနှင့်ဘွဲ့ကြိုသင်တန်းများအတွက်
- ❑ Computer Aided Teaching for Nuclear Physics
  - မဟာသိပ္ပံ၊မဟာသုတေသန၊ပါရဂူဘွဲ့သင်တန်းများနှင့်ဘွဲ့ကြိုသင်တန်းများ

၇-၇-၂၀၀၇ **(စနေနေ့)**
- ❑ Book-keeping Procedures and Cash Book
  - ပထမနှစ်စီးပွားရေး၊စီးပွားစီမံအထူးပြု
- ❑ Cash Book
  - ပထမနှစ်စီးပွားရေး၊စီးပွားစီမံအထူးပြု
- ❑ Total Debtors Account and Total Creditrs Account
  - ပထမနှစ်စီးပွားရေးအထူးပြု
- ❑ The Preparation of Accounts from Single Entry or Incomplete Records
  - ပထမနှစ်စီးပွားရေး အထူးပြု
- ❑ Importance of Micro Business Economic Development
  - ပထမနှစ် အိမ်တွင်းစီးပွားအထူးပြု
- ❑ Concepts of Equilibrium
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ပြည်သူ့ရေးရာအထူးပြု
- ❑ Graphical Presentation
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊အိမ်တွင်းစီးပွားအထူးပြု
- ❑ Measures of Location
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊အိမ်တွင်းစီးပွားအထူးပြု
- ❑ Measures of Dispersion and Further of Descriptions
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊အိမ်တွင်းစီးပွားအထူးပြု
- ❑ Simple Linear Regression
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊အိမ်တွင်းစီးပွားအထူးပြု

၈-၇-၂၀၀၇ **(တနင်္ဂနွေနေ့)**
- ❑ Cost Accounting
  - ဒုတိယနှစ် စီးပွားရေး၊စီးပွားစီမံအထူးပြု
- ❑ Health Care and Health Services
  - ဒုတိယနှစ် အိမ်တွင်းစီးပွားအထူးပြု
- ❑ Introduction to Statistics
  - ဒုတိယနှစ် ပြည်သူ့ရေးရာအထူးပြု
- ❑ Random Variables and Distributtion Function
  - ဒုတိယနှစ် စီးပွားရေးအထူးပြု
- ❑ Consignment Account
  - ဒုတိယနှစ် စီးပွားစီမံအထူးပြု
- ❑ Index Numbers
  - ဒုတိယနှစ် စီးပွားရေးအထူးပြု
- ❑ The Family
  - ဒုတိယနှစ်အိမ်တွင်းစီးပွားအထူးပြု
- ❑ Nutrition
  - ဒုတိယနှစ်အိမ်တွင်းစီးပွားအထူးပြု
- ❑ Income & Expenditure Account
  - ဒုတိယနှစ်စီးပွားစီမံအထူးပြု
- ❑ Cost Accounting (Control of Material Cost)
  - ဒုတိယနှစ်စီးပွားရေး၊စီးပွားစီမံအထူးပြု

ရန်ကုန်အဝေးသင်တက္ကသိုလ်

ပထမနှစ်နှင့်ဒုတိယနှစ်သင်တန်း (စီးပွားရေးပညာ၊စီးပွားစီမံ၊ပြည်သူ့ရေးရာနှင့် အိမ်တွင်းစီးပွားအထူးပြု)ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများကို ၁-၇-၂၀၀၇မှ ၁၄-၁၀-၂၀၀၇ ရက်အထိ စနေ၊တနင်္ဂနွေနေ့တိုင်း နံနက် ၉နာရီမှ ညနေ ၄ နာရီအထိ ထုတ်လွှင့်ပေးမည်ဖြစ်ပါ၍ မိမိတို့နှင့်အနီးစပ်ဆုံး သင်ယူမှုဌာနသို့ သွားရောက်သင်ယူနိုင်ကြပါသည်။

ဂန္ဓဝါစကပဏ္ဍိတ သဒ္ဓမ္မ ဇောတိကဓဇ နိုင်ငံတော် ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိက ဆရာတော် အရှင် အာစာရ လင်္ကာရအရှင်မြတ်က ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ် ၄၈ ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းမကြီးဘေးရှိ မြေကွက်အမှတ် ၁/က မြေနေရာတွင် ကိုးဘွဲ့ရ သာသနာပြု ကျောင်းတိုက်ကြီးကို စတင်တည်ဆောက်လျက်ရှိရာ ဇွန် ၂၄ရက်က ငွေကျပ်သိန်းသုံးရာတန် ပထမဆုံးဝါဆိုကျောင်းဆောင် ပန္နက်တင်မင်္ဂလာ အခမ်းအနား ဆင်ယင်ကျင်းပစဉ်။ (က-ပ)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ရပ်စောက်၌ကျင်းပ

ရပ်စောက် ဇွန် ၂၀

အင်းလေးကန်ပတ်ဝန်းကျင်မိုင်(၂၀)စိမ်းလန်းစိုပြည်ရေး ၂၀၀၇ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၆ရက် နံနက် ၈ နာရီက ရပ်စောက်မြို့နယ် ဗထူးတပ်မြို့ ဗထူးစမ်းနှင့် လွယ်ဆင်ကျေးရွာအနီးတွင် ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဝင်းနှင့်ဇနီး၊ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိ စစ်သည်နှင့် ရဲမေများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြဝင်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဝင်းနှင့် ဇနီးတို့က တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား ပျိုးပင်များပေးအပ်ကြပြီး စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းကို ဆောင်ရွက်သည်။ **(အောက်ပုံ)** ယင်းသစ်ပင်စိုက်ပျိုးပွဲတော်တွင် စုစုပေါင်းအပင် ၅၀၂၀ ကို စိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စီမံကိန်းတာဝန်ပေးအပ်ပွဲ မိတ္ထီလာ၌ ကျင်းပ

မိတ္ထီလာ ဇွန် ၁၀

မန္တလေးတိုင်း မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၇-၂၀၀၈ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁ရက် နံနက် ၁၀နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် အဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးကြီးကြပ်ရေး အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက အဖွင့်အမှာစကား ပြောကြားပြီး ၂၀၀၇-၂၀၀၈ခုနှစ် စီမံကိန်းတာဝန်များကို ခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နမ့်ခမ်းမြို့သာယာလှပရေး ပန်းအလှပင်များ ပျိုးထောင်

နမ့်ခမ်း ဇွန် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် ၁၂လရာသီလုံး ပန်းများဖူးပွင့်နိုင်စေရန် အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း၌ ပန်းအလှပင်များ ပြုစုပျိုးထောင်လျက်ရှိသည်။

အဆိုပါ အဖွဲ့ပိုင်ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပြုစုပျိုးထောင်မှုအခြေအနေကို ဇွန် ၇ရက် နံနက် ၈နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေတို့ ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့က လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ စားဖိုဆောင် သီးနှံစိုက်ခင်းတွင် မြေဆွေးထည့်ခြင်းနှင့် ပေါင်းနုတ်ခြင်း လုပ်ငန်းများကို မေ ၂၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးသိန်းထူးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအင်ခွန်အောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြစ်ကြီးနား၌ ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေး မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်နည်း သရုပ်ပြ

မြစ်ကြီးနား ဇွန် ၆

မြစ်ကြီးနားမြို့ မြို့မဈေးကြီးသုံးဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ အမှတ် (၁)၊ (၂)နှင့် ကမ်းနားလမ်းဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများဖြင့် အရေးပေါ်မီးငြိမ်းသတ်နည်း၊ မီးသတ်ယာဉ်ရေပိုက်ဖြင့် သရုပ်ပြလေ့ကျင့်မှုတို့ကို မေ ၂၅ ရက်က စုပေါင်းဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်ရေး အခမ်းအနားသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုး၊ မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဒုတိယဦးစီးမှူး(ဈေး)နှင့် ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိ ဈေးဖများနှင့် ဈေးဆိုင်ခန်းရှင်များက သရုပ်ပြလေ့ကျင့်မှုတို့ကို ကြည့်ရှုအားပေးကြသည်။ **(မြို့နယ်စည်ပင်)**

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်ခေါင်းဆောင်သောအဖွဲ့ ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဗိုလ်ချုပ်ပန်းခြံအတွင်း ပန်းအလှပင်များစိုက်ပျိုးထားမှုနှင့် မြက်ခင်းအလှပြုပြင်မှုတို့ကို မေ ၂၁ရက်က လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရွာငံမြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

ရွာငံ ဇွန် ၂၅

တောင်ကြီးခရိုင် ရွာငံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကဦးစီး၍ စာဖတ်ဝိုင်းကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးထွေးက စာဖတ်ဝိုင်းကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာဖတ်ဝိုင်းကို စာထောက်(၃) ဒေါ်နီနီမြင့်က ဇွန် ၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ဝဏ္ဏမင်းခေါင်၏ အချိန်မီပါသေးတယ် ဆောင်းပါးကို လည်းကောင်း၊ ရပ်/သံကျွမ်းကျင်(၃) ဦးချစ်ဆန်းဝင်းက ဒို့ကျေးရွာဂျာနယ် အတွဲ(၄) အမှတ် (၁၁)ပါ စာတည်းမှူး၏ လူတော်လူကောင်း လူမိုက် လူဆိုး လူလေးမျိုး ခေါင်းကြီးပိုင်းကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြကြောင်း သိရသည်။ *(မြို့နယ် ပြန်/ဆက်)*

ဂန့်ဂေါမြို့ သာယာလှပရေး လုပ်ငန်းများဆောင်ရွက်

ဂန့်ဂေါ ဇွန် ၇

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းနှင့် အဖွဲ့သည် မေ ၁၉ ရက်က ဂန့်ဂေါမြို့သို့ ရောက်ရှိပြီး ဂန့်ဂေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသည့် မြို့ရေပေးဝေရေးလုပ်ငန်းများ၊ မြို့သာယာလှပရေး လုပ်ငန်းများနှင့် ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားမှု အခြေအနေများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးသိန်းဝင်းတို့က ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ညောင်တုန်းမြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးတို့အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၆ ရက်က လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်မောင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ဦးနှင့် ဦးစီးအရာရှိ ဦးတိုးအောင်လွင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၀၉၈)

29-6 (16) 1 6/28/07, 1:44 PM

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ စီမံ/စီးပွား၊ သမဝါယမနှင့် စက်မှု (၁) အသင်းများ အနိုင်ရ

နေပြည်တော် ဇွန် ၂၈

နေပြည်တော်၌ ဇွန် ၂၅ ရက်မှ စတင်၍ သတ်မှတ်နေရာ အားကစားကွင်းအသီးသီး၌ နေ့စဉ်နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ကျင်းပလျက်ရှိသော ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပြိုင်ပွဲ စတုတ္ထနေ့ပွဲစဉ်များကို ဆက်လက်ကျင်းပသည်။

ယှဉ်ပြိုင်ကစား

နံနက် ၇ နာရီခွဲတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသည့် (ဆ)အုပ်စုမှ စီမံ/ စီးပွားဝန်ကြီးဌာနအသင်းနှင့် တရားရုံးချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စီမံ/စီးပွားဝန်ကြီးဌာနအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ***စာမျက်နှာ ၉ ကော်လံ ၁*** ●

ကြည့်ရှုအားပေး

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့ ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပြိုင်ပွဲ (က)အုပ်စုမှ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမဝန်ကြီး ဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

အင်အားနည်း မြေငလျင်လှုပ်သွား

နေပြည်တော် ဇွန် ၂၈

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁ မိနစ် ၃၁ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်ဘက် မိုင် ၂၀ ခန့် ကွာဝေးသော နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း

အင်တာနက်

ကျန်းမာရေး

အသက်အရွယ်ကြီးရင့်သူများ သတင်းစာဖတ်ခြင်းနှင့် စစ်တုရင်ကစားမှု အယ်လ်ဇိုင်းမားကို ကာကွယ်နိုင်

အသက်အရွယ်ကြီးရင့်လာသူများအနေဖြင့် နေ့စဉ် သတင်းစာဖတ်ခြင်း၊ စစ်တုရင်ကစားခြင်းကဲ့သို့သော အလုပ်များကို ပြုကျင့်ပါက အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှုမှ လျော့နည်း ကျဆင်းစေကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

သုတေသနပြု

အသက် ၈၀ နီးပါးရှိသော လူ ၇၀၀ ခန့်အား ငါးနှစ်ကြာ သုတေသနပြုခဲ့ရာ သတင်းစာဖတ်ခြင်းနှင့် စစ်တုရင်ကစားခြင်း ကဲ့သို့သောလုပ်ဆောင်မှုများကို နေ့စဉ်ပြုလုပ်သူ သက်ကြီးရွယ်အိုများသည် အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှု နည်းပါးကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြသည်။

ဦးနှောက်လန်းဆန်း

ထိုသို့ ဖြစ်ရခြင်းမှာ အသက်အရွယ်ကြီးရင့်လာချိန်၌ မှတ်ဉာဏ် အားနည်းမှုနှင့် အာရုံစူးစိုက်မှုများ လျော့နည်းသွားရာ သတင်းစာဖတ်ရှုခြင်းနှင့် စစ်တုရင်ကစားခြင်းတို့သည် ဦးနှောက်နာ့ဗ်ကြောများကို လှုပ်ရှား လန်းဆန်းစေခြင်းကြောင့်ဖြစ်သည်ဟု အမေရိကန်သုတေသနပညာရှင်များက သုံးသပ်သည်။

အလေ့အကျင့်

အသက်အရွယ်ကြီးရင့်လာသူများသည် ထိုအလေ့အကျင့်များ ပုံမှန်ပြုလုပ်ပါက အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

NLD သည် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများနှင့် ပူးပေါင်း၍ အစိုးရကို ဆန့်ကျင်နေ၊ ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိ မြောင်မြို့နယ်မှ ပါတီဝင်နှစ်ဦး နုတ်ထွက်

ရန်ကုန် ဇွန် ၂၈

စစ်ကိုင်းတိုင်း မြောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးသိန်းဇော်နှင့် အဖွဲ့ဝင်တစ်ဦးတို့သည် ဇွန် ၂၃ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ ၎င်းတို့၏ ဆန္ဒအလျောက်နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။ ***စာမျက်နှာ ၈ ကော်လံ ၃*** ■

မုန်တိုင်းငယ် ဆက်လက် ရွေ့လျားမည်

နေပြည်တော် ဇွန် ၂၈

ယနေ့ မြန်မာစံတော် ချိန် နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ဗီဇာကာပတ္တနမ်မြို့၏ အရှေ့-အရှေ့ တောင်ဘက် မိုင် ၁၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက် မြောက်ဘက်သို့ ဆက်လက် ရွေ့လျားမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။ (သတင်းစဉ်)

အာရှလူငယ်ဝူရှူးတံခွန်စိုက်ပြိုင်ပွဲ မြန်မာဝူရှူးအားကစားအဖွဲ့ယှဉ်ပြိုင်

ရန်ကုန် ဇွန် ၂၈

တောင်ကိုရီးယားနိုင်ငံ Yeong Ju မြို့၌ ဇွန် ၂၇ ရက်မှ ဇူလိုင် ၁ ရက်အထိ ကျင်းပလျက်ရှိသည့် စတုတ္ထ အကြိမ်မြောက် အာရှလူငယ်ဝူရှူးတံခွန်စိုက်ပြိုင်ပွဲ (4th Asia Junior Wushu Championships) တွင် မြန်မာလူငယ်လက်ရွေးစင် ဝူရှူးအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

တာဝန်ယူ

မြန်မာလူငယ်လက်ရွေးစင် ဝူရှူးအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါက်တာ စိုင်းဆမ်ထွန်း (မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ)၊ အုပ်ချုပ်သူအဖြစ် ဦးတင့်နိုင်(ဒုတိယဥက္ကဋ္ဌ)၊ နည်းပြများအဖြစ် ဦးအောင်သူနိုင်နှင့် ဦးထွန်းထွန်းဦး၊ ဒိုင်လူကြီးများအဖြစ် ဦးချွန်ဂျာအောင်(အတွင်းရေးမှူး)နှင့် ဦးခင်စိုး၊ လေ့လာသူအဖြစ် ဦးကျော်ငွေးတို့က တာဝန်ယူကြသည်။

ပို့ဆောင်နှုတ်ဆက်

အားကစားသမားများအဖြစ် အမျိုးသား သူရစိုး၊ ဝေဖြိုးအောင်၊ ကျော်ဇင်သစ်၊ ကျော်နိုင်ဦးနှင့် စောကျော်စိုးမိုး၊ အမျိုးသမီး ဝေမာထွန်းသိန်း၊ သက်သက်နိုင်၊ အိမ့်မီမီ၊ စန္ဒီဦးနှင့် သန့်စူစန်တို့ ပါဝင်ကြသည်။ မြန်မာလူငယ်လက်ရွေးစင် ဝူရှူးအားကစားအဖွဲ့သည် ဇွန် ၂၄ ရက် ညပိုင်းက တောင်ကိုရီးယားနိုင်ငံသို့ ထွက်ခွာသွားကြရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

(မြန်မာ့အလင်း)